မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၈၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲတွေ ကျင်းပသွားမှာဖြစ်တယ်
ရွေးကောက်ပွဲတွေကို ပြည်သူ၊ အစိုးရနဲ့ တပ်မတော် လက်တွဲညီညီ အောင်မြင်အောင်ဆောင်ရွက်
ပြည်ပအကူအညီနဲ့ ဝင်လာနိုင်တဲ့ ဖျက်လိုဖျက်ဆီးအန္တရာယ်တွေကို သတိရှိကြဖို့လို

နေပြည်တော် ဧပြီ ၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့ -

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၃) သင်တန်းဆင်းပွဲမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ -

ဒီသင်တန်းမှာ တပ်မတော်အတွက် လိုအပ်တဲ့ ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ ဘူမိဗေဒဘွဲ့၊ စိုက်ပျိုးရေးသိပ္ပံဘွဲ့နဲ့ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့တွေ အသီးသီးရရှိတဲ့ တိုက်ရိုက်ဗိုလ်လောင်းတွေနဲ့ စစ်မှုထမ်းအဖြစ် ဝင်ရောက်ပြီးမှ သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီလို့ ချီးမြှင့်ခြင်းခံရတဲ့ ဗိုလ်လောင်းတွေ ပါဝင်တက်ရောက်ခဲ့ကြတာဖြစ်တယ်။

စာမျက်နှာ ၈ ကော်လံ ၁ ●

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

အချို့နိုင်ငံကြီးတွေဟာ နိုင်ငံငယ်တွေရဲ့ အချုပ်အခြာအာဏာကို နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ သံတမန်ရေးနည်းလမ်းတွေနဲ့ ထိုးနှက်ပြီး ယင်းတို့ စိတ်တိုင်းကျမဖြစ်ရင် စစ်ရေးနည်းနဲ့ပါ ကျူးကျော်တိုက်ခိုက်တတ်ကြတာကို ယနေ့ ကမ္ဘာပေါ်မှာ တွေ့မြင်ကြရမှာ ဖြစ်တယ်။ ဒို့နိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခါနီးကာလမှာ နယ်ချဲ့လိုသူတွေက အင်အားချည့်နဲ့တဲ့ ဒို့နိုင်ငံအပေါ် ဝံပုလွေနဲ့ သိုးငယ်ပမာ အပြစ်ရှာခဲ့တာကို သင်ခန်းစာယူကြရမှာ ဖြစ်တယ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၆ ရက်)

ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးတင်ပို့

မြန်မာနိုင်ငံသည် သဘာဝ ရေခံ၊ မြေခံနှင့် ရာသီဥတုကောင်းမွန်သော နိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံဆီသို့ ဦးတည်ရည်မှန်း လျှောက်လှမ်းလျက်ရှိသည်။

တစ်နိုင်ငံလုံး၌ ၁၉၈၈ခုနှစ်တွင် စိုက်ပျိုးမြေဧက ၁၉၁သိန်း ၉သန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်၌ ၂၉ ဒသမ ၃၂သန်းအထိ တိုးတက်လာခဲ့သည်။ ယင်းစိုက်ဧကများအနက် ပဲမျိုးစုံစိုက်ဧကသည် ၁၉၈၈ခုနှစ်၌ စိုက်ဧက ၁ဒသမ၈သန်းရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် စိုက်ဧက ၁၀ ဒသမ ၅၇သန်း စိုက်ပျိုးပြီး မက်ထရစ်တန် ၅၃ ဒသမ၃သိန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။

မြန်မာ့ပဲမျိုးစုံသည် ဈေးကွက်ရှိပြီးဖြစ်၍ ပိုမိုထုတ်လုပ်နိုင်သည်သာမက ဈေးကောင်းရရှိရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ပဲဈေးကွက်သို့ အရည်အသွေးမြင့်သော ပဲမျိုးစုံ တင်ပို့နိုင်ရေးအတွက် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအတွင်း ပဲမျိုးစုံထုတ်လုပ်ရာ၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူလျက်ရှိပြီး အာဆီယံနိုင်ငံများ၏ ပဲထုတ်လုပ်မှု မြင့်မားရေးအတွက်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ဇန်နဝါရီလအထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ကိုးသိန်းကျော် တင်ပို့နိုင်ခဲ့သည်။ ကမ္ဘာ့ ပဲမျိုးစုံဈေးကွက်တွင် ယခင်က မြန်မာနိုင်ငံသည် ကနေဒါနှင့်ဩစတြေးလျတို့ပြီးလျှင် တတိယအများဆုံးတင်ပို့သော နိုင်ငံအဖြစ် ရပ်တည်ခဲ့ပြီး ၂၀၀၀-၂၀၀၁ ခုနှစ် အရောက်တွင်မူ တန်ချိန် ၈ ဒသမ ၃ သိန်းကျော် တင်ပို့နိုင်ခဲ့ကာ ဒုတိယအများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ရောက်ရှိလာခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲမျိုးစုံ ၇၂ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိပြီး ကျန် ၂၈ ရာခိုင်နှုန်းကို အင်ဒိုနီးရှား၊ စင်ကာပူ၊ ပါကစ္စတန် ၊ မလေးရှား၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်း နိုင်ငံအချို့တို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ပဲစိုက်ဧကများ အမြောက်အမြားရှိရာ ဈေးကွက်ဝင်ပဲမျိုးစုံတို့ကို တိုးချဲ့စိုက်ပျိုးသွားခြင်းဖြင့် ပြည်တွင်းစားသုံးနိုင်မှုသာမက ပိုလျှံသည်များကို တင်ပို့ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာပြီး နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ဇော်စာကြည့်တိုက်ဖွင့်

မိတ္ထီလာ ဧပြီ ၅

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်နေ ဇော်ဆေးခန်းပိုင်ရှင် ဒေါက်တာ ခင်မောင်မြင့်-ဒေါ်ခင်စိန်မိသားစုက လှူဒါန်းသော ဇော်စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၈ရက် နံနက်က ဝန်ဇင်းရပ်ကွက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အခမ်းအနားတွင် စာကြည့်တိုက်အလှူရှင် ဒေါက်တာခင်မောင်မြင့်က စာကြည့်တိုက်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အလှူရှင်က စာကြည့်တိုက်အဆောက်အအုံနှင့် ပရိဘောဂ စာရင်းဇယားများကို မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ စာကြည့်တိုက်အလှူရှင် ဒေါက်တာခင်မောင်မြင့်-ဒေါ်ခင်စိန်တို့က စာကြည့်တိုက်အတွက် လစဉ်လှူဒါန်းမည့် အလှူငွေကျပ်တစ်သောင်းကို ပထမလအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီထံ ပေးအပ်လှူဒါန်းသည်။ အလှူရှင်များက စာကြည့်တိုက် ရန်ပုံငွေနှင့် စာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းဇော်ထံ ပေးအပ်လှူဒါန်းကြသည်။

ဆောက်လုပ်ခဲ့

ဒေါက်တာခင်မောင်မြင့်-ဒေါ်ခင်စိန်တို့က ဝန်ဇင်းရပ်ကွက်အတွင်း လူငယ်များတိုးတက်ဖွံ့ဖြိုးရေး၊ အသိဉာဏ်ထက်မြက်ရေးအတွက် အလျားပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ပေရှိ အုတ်တိုက်၊ သွပ်မိုးဖြစ်ပြီး ငွေကျပ် သိန်း ၁၅၀တန် စာကြည့်တိုက်အဆောက်အအုံနှင့် စာကြည့်တိုက်အတွက် စားပွဲ၊ ကုလားထိုင်၊ ဗီရိုနှင့် စာအုပ်များ အပါအဝင် ငွေကျပ်ငါးသိန်းခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(ဝ၈၆)**

မူဆယ်၌ အိမ်တွင်းမှုသင်တန်းများ ဆင်းပွဲကျင်းပ

မူဆယ် ဧပြီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်နန်းစောရင်က သင်တန်းများဖွင့်လှစ်သင်ကြားပို့ချခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံယူသည်။ ဆက်လက်၍ မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်က သင်တန်းထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသူများ၏ လက်ရာပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ကုသိုလ်ရှိမှ ဝမ်းမြောက်ရ တရားတော်** (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဝိမလ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၂)
၈း၃၀	Sports World (Contenders)
၈း၅၅	ခါသကြိုန်အဆိုအက
၉း၁၀	ဘဝဗိမာန်ပေါ်သို့ သက်ဆင်းလာသောကားများ
၉း၂၀	အလှဂုဏ်ရှိန်ထိန်ထိန်ဝင်းပ ဘိုကလေးမြို့တော်ခန်းမ
၉း၄၀	Cartoon Show Time (TMNT)
၁၀း၂၀	လန်းဆန်းမွှေးကြိုင် မင်္ဂလာပန်းခိုင်
၁၀း၄၀	နေပြည်တော် ကမ္ဘောဇဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲဖွင့်ပွဲအခမ်းအနား
၁၁း၀၀	ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၁း၃၀	သင်ကြားရေးလမ်းညွှန် (Management Development Institute of Singapore)MDIS
၁၁း၅၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ **ဖိုးကျားဆင်စခန်း** (အပိုင်း-၁)
၁၂း၁၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မေတ္တာလမ်း သီရိရတနာရိပ်သာ)
၁၂း၃၀	ခါသကြိုန်အဆိုအက
၁း၀၀	**ကုသိုလ်ရှိမှ ဝမ်းမြောက်ရ တရားတော်** (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဝိမလ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (သကြိုန်ဖက်ရှင်-၁)
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၂)
၄း၀၅	ခါသကြိုန်အဆိုအက
၄း၂၀	အလှဂုဏ်ရှိန်ထိန်ထိန်ဝင်းပ ဘိုကလေးမြို့တော်ခန်းမ
၄း၄၅	လန်းဆန်းမွှေးကြိုင် မင်္ဂလာပန်းခိုင်
၅း၀၀	ဘဝဗိမာန်ပေါ်သို့ သက်ဆင်းလာသောကားများ
၅း၁၀	သင်ကြားရေးလမ်းညွှန် (Management Development Institute of Singapore)MDIS
၅း၃၅	Celebrity Style (ဝိုင်းစုခိုင်သိန်းနှင့် တွေ့ဆုံခြင်း)
၆း၀၀	MRTV-4 သတင်း
၆း၂၀	World of Knowledge (Strange Days on Planet Earth)
၇း၁၀	Fashion Music Festival (သကြိုန်ဖက်ရှင်-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၅	Cartoon Show Time (TMNT)
၉း၁၅	Celebrity Style (ဝိုင်းစုခိုင်သိန်းနှင့် တွေ့ဆုံခြင်း)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၂)
၁၀း၀၀	Sunday Talk
၁၀း၀၅	နေပြည်တော် ကမ္ဘောဇဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲဖွင့်ပွဲအခမ်းအနား
၁၁း၂၅	**နောက်မကျခင်အောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၁း၃၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မေတ္တာလမ်း သီရိရတနာ ရိပ်သာ)
၁၁း၅၀	ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၁၂း၀၀	စလင်းရေလှောင်တမံ
၁၂း၁၀	ဓနုရိုးရာ အစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၁၂း၁၅	မှောင်သော်လည်း လင်းနိုင်စွမ်းရှိသူများ
၁၂း၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ရန်ကြီးအောင်လမ်းနေ ကိုကျော်သူရ - မမိုးမြင့်စန္ဒာဦးတို့က မမိုးမြင့်စန္ဒာဦး နှစ်(၃၀)ပြည့်မွေးနေ့ အထိမ်းအမှတ် လေးထပ်ဘိုးဘွား ဆောင်သစ်၊ ဆွမ်းနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပုလဲမြို့သစ် လင်းစာကြည့်တိုက်သို့ ငွေနှင့် စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် ဧပြီ ၅

မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ကိုယ့်အားကိုယ်ကိုး လင်းစာကြည့်တိုက်သို့ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာမကြီး ကမ္ဘာလှည့် တင်တင်စိန်က ငွေကျပ်တစ်သိန်းနှင့် သုတ၊ ရသ၊ ဝတ္ထု၊ ကဗျာ၊ မဂ္ဂဇင်းနှင့် ဂျာနယ် စာစောင်မျိုးစုံတို့ကို အဆိုပါစာကြည့်ခန်းမ၌လှူဒါန်းရာ ပုလဲမြို့သစ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်နှင့် လင်းစာကြည့်တိုက် ကော်မတီ ဦးမောင်ကို၊ ဦးထွန်းထွန်းဦး၊ ဦးဇော်ဝင်းနှင့် ဦးစိုးနိုင်ဦးတို့က လက်ခံယူကြသည်။ **(ဝဲပုံ)**

(၁၁၁)

✻ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဘဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဗိုလ်ချုပ်သိုးထိန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်လှမြင့်၊ ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်ချုပ်သန်းစိုး၊ ဗိုလ်မှူးကြီးလှမြင့်၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ဗိုလ်လောင်းတပ်ခွဲစစ်ဆေး

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၃)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၄၀၁) ဗိုလ်လောင်းဇင်မင်းထွန်းအား ငွေဓားဆု ချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေဓားဆုချီးမြှင့်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဇင်မင်းထွန်းအား ငွေဓားဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

ရွှေကူ - တိန်းဟွန်းလမ်း ကျောက်စီလမ်းသစ်ဖွင့်

ရွှေကူ မေ ၅

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ရွှေကူ-တိန်းဟွန်းလမ်းအပိုင်း ပြောင်းဖူးစေ့ကျောက်စီလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက အဆိုပါလမ်းမှုခ်ဦး၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးမြင့်လွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ တောပုန်းကျေးရွာ ရပ်မိရပ်ဖ ဦးသိန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်

ရွှေကူ-တိန်းဟွန်းလမ်းအပိုင်း ပြောင်းဖူးစေ့ကျောက်စီလမ်းသစ်ကို ဒုတိယရဲမှူးမြင့်လွင်ဦးနှင့် အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး **(အောက်ပုံ)** အထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိ ဦးခင်အောင်နီက ဒုတိယရဲမှူးကြီးမြင့်လွင်ဦးနှင့် တောပုန်းကျေးရွာဥက္ကဋ္ဌ ဦးသိန်းထွန်းထံတို့သို့ပေးအပ်ပြီး တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းကျော်ကျော်က အမှုဆောင်အရာရှိ ဦးခင်အောင်နီထံ ပေးအပ်သည်။

ကုန်ကျငွေ

အဆိုပါ ရွှေကူ-တိန်းဟွန်းလမ်းပြောင်းဖူးစေ့ကျောက်စီလမ်းမှာ အကျယ် ၁၂ပေ၊ အရှည် ပေ ၃၆၅၀ရှိပြီး လမ်းကို ကျပ်သိန်း ၂၂၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်း(တောင်ငူမြို့နယ်)ရှိ လဲဒူးချောင်း သစ်သားတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မတ် ၂၉ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၅

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏ အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ခုနှစ် မေ ၅ရက်တွင် အောက်ပါအတိုင်း လာရောက်လျှောက်ထားခဲ့ကြကြောင်း သတင်းရရှိသည် -

(က) ကချင်ပြည်နယ် တိုးတက်ရေးပါတီ

(ခ) မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ

(သတင်းစဉ်)

NLD ဌာနချုပ်သို့ မတ်လအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၃၁)ကြိမ် ဝင်ထွက်ခဲ့

ရန်ကုန် မေ ၅

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့် အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှု သတိပြုနေကြသည်။

တွေ့ဆုံ

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၁၀ခုနှစ် မတ်လအတွင်း(၃၁)ကြိမ် ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါ သံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများလိုက်နာရန် -**

- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကြူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၆) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၇) သံစုံဟွန်းများတပ်ဆင်ပြီး လုံး၀ (လုံး၀) အသုံးမပြုရ။

(ခ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားမည်။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဆုချီးမြှင့်

Myanmar New Stars Industry Co.,Ltd. ၏ အထက်မြန်မာပြည်ရုံးခွဲ တာဝန်ခံ Director ဦးမောင်လှ ၂၀၀၉ ခုနှစ်အတွက် ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသူများကို ဆုပေးအပ်စဉ်။ (သတင်းစဉ်)

Super Power အဆင့်မြင့်အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီ ရောင်းအားမြှင့် စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၅

Myanmar New Stars Industry Co., Ltd. ၏ Super Power နှင့် Speed အဆင့်မြင့် အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီဖြန့်ချိရေး အထက်မြန်မာပြည်(ရုံးခွဲ)၏ သတ္တမအကြိမ်မြောက် ၂၀၀၉ခုနှစ်အတွက် ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက် နံနက်ပိုင်းက Myanmar New Stars Industry Co., Ltd. အထက်မြန်မာပြည်ရုံးတည်ရှိရာ အမှတ်(၃၃၀) ၈၂လမ်း (၂၈×၂၉)လမ်းကြား ချမ်းအေးသာစံမြို့နယ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုပေးအပ်

ရှေးဦးစွာ Myanmar New Stars Industry Co.,Ltd. ၏ အထက်မြန်မာပြည် ရုံးခွဲတာဝန်ခံ Director ဦးမောင်လှက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၀၉ခုနှစ် တစ်နှစ်တာ ကာလအတွင်း ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ပထမဆုအဖြစ် ဝေယံလင်း(စက်ဆီ၊ ချောဆီရောင်းဝယ်ရေး) ကျောက်ဆည်မြို့၊ ဒုတိယဆုအဖြစ် အောင်ဘောဂ (စက်သုံး ချောဆီရောင်းဝယ်ရေး) မုံရွာမြို့၊ တတိယဆုအဖြစ် ဝင်းဝင်း(စက်ဆီ၊ ချောဆီရောင်းဝယ်ရေး) မန္တလေးမြို့တို့အား ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ အရောင်းကိုယ်စားလှယ် ၃၄ဦးနှင့် ကျန်အရောင်းကိုယ်စားလှယ် ၄၈ဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်သည်။

ဆက်သွယ်မှာယူနိုင်

Myanmar New Stars Industry Co., Ltd. အနေဖြင့် U.A.E နိုင်ငံမှနေ၍ Super Power နှင့် Speed အဆင့်မြင့် အင်ဂျင်ဝိုင် စက်ဆီ၊ ချောဆီများကို မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရရှိထားပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ထပ်မံ၍ Super Rocket အင်ဂျင်ဝိုင် အမျိုးအစားသစ် တစ်မျိုးကို မှာယူတင်သွင်း ဖြန့်ဖြူးရောင်းချလျက်ရှိရာ လက်လီလက်ကား ဝယ်ယူရောင်းချလိုသူများအနေဖြင့် ရန်ကုန် ဖုန်း-၀၁-၆၈၆၂၆၃၊ ၆၈၆၇၂၇၊ ၆၈၁၈၉၄၊ ဖက်စ်-၆၈၆၃၀၆ တို့သို့လည်းကောင်း၊ အထက်မြန်မာပြည်အတွက် ဖုန်း-၀၂-၇၂၃၇၄နှင့် ၂၁၁၆၀တို့သို့လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကမ္ဘာ့စိန်ခေါ်မှု

ကျူးဘားနှင့် ယူကရိန်း နှစ်နိုင်ငံ ဆွေးနွေး

ဟာဗားနား ဧပြီ ၅

ကျူးဘားခေါင်းဆောင် ရောလ်ကက်စထရိုနှင့် ယူကရိန်းသမ္မတဟောင်း လီရိုနစ်ကူချ်မာတို့သည် ဧပြီ ၂ ရက်က နှစ်နိုင်ငံဆက်ဆံရေးနှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအချို့ကို ဦးစားပေးဆွေးနွေးကြသည်။

ကူချ်မာသည် ယူကရိန်းသမ္မတ၏ အထူးသံတမန် ကိုယ်စားလှယ်အဖြစ် ကျူးဘားနိုင်ငံသို့ရောက်ရှိစဉ် နှစ်နိုင်ငံ ဆက်ဆံရေးအလားအလာနှင့် အပြုသဘောဆောင်သည့် လက္ခဏာတို့ကို ဆွေးနွေးကြောင်း ကျူးဘားမီဒီယာများက သတင်းထုတ်ပြန်သည်။ ၎င်းတို့တွေ့ဆုံစဉ် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအချို့နှင့်တကွ ဟေတီနိုင်ငံ၏ အခြေအနေတို့ကိုလည်း ထည့်သွင်းဆွေးနွေးသည်။

ကျူးဘား သမ္မတ

ကျူးဘားနိုင်ငံ သမ္မတ ရောလ်ကက်စထရို။

(အင်တာနက်ဓာတ်ပုံ)

တွေ့ဆုံဆွေးနွေး

ကျူးဘားနိုင်ငံက ချာနိုဘိုင်နျူကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုတွင် ကလေးငယ်များအား အခမဲ့ဆေးဝါးကုသပြုစုစောင့်ရှောက်မှုနှစ် ၂၀ ပြည့်နှစ်ပတ်လည်အခါသမယတွင် ကျူးဘားသို့လာရောက်စဉ် ကူချ်မာက အထက်ပါကိစ္စရပ်များကို ရောလ်ကတ်စထရိုနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း နန်စင်ဟိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ယီချွမ်မြို့၌ ရိုးရာပွဲတော်ကျင်းပရန်အတွက် စွန်များစုပေါင်းပြုလုပ်နေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တူရကီ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ ပင်လယ်ဓားပြများအား ဖမ်းဆီးနိုင်ခဲ့

အစ္စတန်ဘူလ် ဧပြီ ၅

တူရကီကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် အေဒင်ပင်လယ်ကွေ့တွင် မောင်းနှင်နေသော ရေယာဉ်တစ်စင်းပေါ်တွင် လိုက်ပါလာသည့် ပင်လယ်ဓားပြကိုးဦးအား ဖမ်းဆီးလိုက်ကြောင်း တူရကီစစ်သင်္ဘောပေါ်မှလက်နက်ကိုင်တပ်ဖွဲ့ဝင်များက ဧပြီ ၃ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

နှိမ်နင်း

အဆိုပါ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် ကမ်းခြေမှ မိုင်၈၀ဝေးသည့်နေရာတွင် ခုတ်မောင်းနေသော သင်္ဘောကို ကြားဖြတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တူရကီစစ်သင်္ဘောသည် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)၏ ပင်လယ်ဓားပြနှိမ်နင်းရေးအဖွဲ့မှဖြစ်သည်။

တူရကီကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် ပင်လယ်ဓားပြရေယာဉ်ကို ကြားဖြတ်တိုက်ခိုက်ကာ ရေယာဉ်ပေါ်ရှိ ပင်လယ်ဓားပြကိုးဦးအား ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

မျက်မမြင် နာမည်ကြီး အဆိုတော် ယာဉ်မောင်း အမြန်နှုန်း စံချိန်တင်

အင်ကာရာ ဧပြီ ၅

တူရကီနိုင်ငံ၏ နာမည်ကြီး မျက်မမြင်အဆိုတော်တစ်ဦးသည် တစ်နာရီလျှင် ၂၉၂ကီလိုမီတာနှုန်းမောင်းနှင်ကာ ကမ္ဘာပေါ်တွင် အမြန်ဆုံးမောင်းနှင်သည့် မျက်မမြင်ယာဉ်မောင်းတစ်ဦးဖြစ်လာခဲ့သည်ဟု အနာတိုလီယာသတင်းဌာနက ဧပြီ ၂ရက်၌ သတင်းထုတ်ပြန်သည်။

စံချိန်သစ်တင်

တူရကီနိုင်ငံတွင် ထင်ရှားကျော်ကြားလူသိများသည့် အဆိုတော်တစ်ဦးဖြစ်သည့်အပြင် တီဗွီသရုပ်ဆောင်တစ်ဦးလည်းဖြစ်သော မီတင်ဆန်တက်ခ်သည် အဆိုပါ စံချိန်သစ်ကို တင်လိုက်ခြင်းဖြစ်ကြောင်း၊ တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဆာလီယူဖာ လေဆိပ်လေယာဉ်ကွင်းတွင် အမောင်းစံချိန်သစ်တင်လိုက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၎င်း၏ ပျမ်းမျှအမြန်နှုန်းစံချိန်မှာ တစ်နာရီလျှင် ၂၉၂ဒသမ ၈၉ကီလိုမီတာ ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြောက်ကိုရီးယားသင်္ဘော တိုက်ခိုက်ခံရ

သင်္ဘောသားသုံးဦးအား ဆေးရုံ၌ကုသနေရ

မွမ်ဘာဆာ(ကင်ညာ) ဧပြီ ၅

ဒီပီအာရ်ကေ သင်္ဘောတစ်စင်းသည် သကြားအိတ်များတင်ဆောင်ကာ ဘရာဇီးနိုင်ငံမှ ဆိုမာလီနိုင်ငံသို့ ခုတ်မောင်းနေစဉ် ဧပြီ ၃ရက်၌ ပင်လယ်ဓားပြများက တိုက်ခိုက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ သင်္ဘောပေါ်တွင် သင်္ဘောသား၄၀လိုက်ပါလာကြောင်း၊ ပင်လယ်ဓားပြများ တိုက်ခိုက်ခံရစဉ် ယင်းတို့အထဲမှ သင်္ဘောသားရှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဆိပ်ကမ်း ရဲတပ်ဖွဲ့မှူး အယွတ်စီတုန်ဂါက ပြောကြားသည်။

ဆိုက်ကပ်

ဆိုမာလီယာ ကမ်းလွန်ပင်လယ်ပြင်တွင် တိုက်ခိုက်ခံရသည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ(ဒီပီအာရ်ကေ)သင်္ဘောမှ သင်္ဘောသားသုံးဦး ဧပြီ ၂ရက်တွင် ကင်ညာနိုင်ငံရှိ မွမ်ဘာဆာမြို့ဆေးရုံသို့ အရေးတကြီးတင်ပို့လိုက်ရကြောင်း၊ ယင်းသင်္ဘောကို မွမ်ဘာဆာဆိပ်ကမ်း၌ ဆိုက်ကပ်ပြီးနောက် သင်္ဘောသားများအား ဆေးရုံတင်လိုက်ရခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမ်အိုင်-၁၇ ရဟတ်ယာဉ်လေးစင်း ဗင်နီဇွဲလားသို့ ပထမအသုတ် ရောက်ရှိ

ကရာကတ်စ် ဧပြီ ၅

ဗင်နီဇွဲလားနိုင်ငံသည် ရုရှားနိုင်ငံမှ ရဟတ်ယာဉ်လေးစင်းကို ဧပြီ ၂ရက်တွင် လက်ခံရရှိကြောင်း၊ ယင်းရဟတ်ယာဉ်လေးစင်းသည် ဗင်နီဇွဲလားနိုင်ငံမှ ဝယ်ယူခဲ့သည့် ရဟတ်ယာဉ်များအနက် ပထမအသုတ်ရောက်ရှိလာခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင် ဗင်နီဇွဲလားသို့ရောက်ရှိနေချိန်တွင် ယင်းရဟတ်ယာဉ်များ ဗင်နီဇွဲလားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ရောက်ရှိ

အဆိုပါ ရဟတ်ယာဉ်များသည် အမ်အိုင်-၁၇အမျိုးအစားရဟတ်ယာဉ်များဖြစ်ကြောင်း၊ ရုရှားနိုင်ငံသို့ ဗင်နီဇွဲလားနိုင်ငံက ၂၀၀၆ခုနှစ်တွင် မှာယူထားသော ရဟတ်ယာဉ် ၃၈စင်းအနက် ပထမအသုတ် ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖိုးပေါက်ကွဲ

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသ၌ ဖိုးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၄ ရက်ကတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နေတိုးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

ကွန်ဒုဇ် ဧပြီ ၅

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ကွန်ဒုဇ်ပြည်နယ်တွင် နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မှားယွင်းပစ်ခတ်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်အိုမာက ဧပြီ ၃ ရက်၌ပြောကြားသည်။

သေဆုံး

ကွန်ဒုဇ်ပြည်နယ် ကွန်ဒုတ်စ်မြို့ ဆင်ခြေဖုံးဒေသခါကာနီအရပ်တွင် နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အာဖဂန်တပ်ဖွဲ့ဝင် ခြောက်ဦးအား ဧပြီ ၂ရက်ညက မှားယွင်းပစ်ခတ်သဖြင့် သေဆုံးကြရသည်ဟု အိုမာကဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရ

တာလီဘန်ပြောက်ကျားများက နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင်များအား ကွန်ဒုဇ်ပြည်နယ် ချာနေဒါခရိုင်တွင် တိုက်ခိုက်ခဲ့သဖြင့် ဂျာမန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိသည်။ ယင်းဖြစ်ရပ်အပြီး နာရီပိုင်းအတွင်း၌ ဖော်ပြပါ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မော်စကိုမြို့တော်၌ အမျိုးသမီးအသေခံဗုံးဖောက်ခွဲမှု ဖြစ်ပွား

မော်စကို ဧပြီ ၅

သေဆုံးသူ အစ္စလမ္မစ်စစ်သွေးကြွတစ်ဦး၏ဇနီး အသက် ၁၇ နှစ်အရွယ် မုဆိုးမတစ်ဦးမှာ မော်စကိုမြို့တော်၌ လူ ၄၀သေဆုံးခဲ့ရသည့် အသေခံဗုံးခွဲတိုက်ခိုက်မှု၌ အသေခံဗုံးဖောက်ခွဲခဲ့သူဟု ယူဆရကြောင်း ရုရှားဥပဒေစိုးမိုးရေးအရာရှိများက ဧပြီ ၂ရက်၌ ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲ

မော်စကိုမြေအောက်ရထားလမ်းနှင့် မြောက်ကော့ကေးဆပ်ရှိ ဒါဂျက်စတန်ဒေသ မြို့တစ်မြို့တွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် လူ ၅၀ကျော်သေဆုံးပြီး လူ၁၀၀ ဒဏ်ရာရရှိသွားကြောင်း၊ နောက်ထပ်ဖောက်ခွဲမှုများဖြစ်လာမည်ကို စိုးရိမ်ကြောင့်ကြနေကြရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

တွေ့ရှိ

ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်တစ်ဦး၏ဓာတ်ပုံတွင် သူမ၏ခန္ဓာကိုယ်၌ အနက်ရောင်အဝတ်အစားဝတ်ထားသည်ကိုလည်းကောင်း၊ လက်ပစ်ဗုံးတစ်လုံးကိုင်ထားသည်ကို လည်းကောင်း တွေ့ရှိရသည်ဟု မော်စကိုရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါလက်စတိုင်းအချို့နှင့် အစ္စရေးတပ်ဖွဲ့ဝင်များ အနောက်ဘက်ကမ်း၌ ပဋိပက္ခဖြစ်ပွား

ရာမာလာ ဧပြီ ၅

အနောက်ဘက်ကမ်း နာဘလပ်မြို့တောင်ဘက် အေးရက်ဘူရင်ကျေးရွာတွင် ပါလက်စတိုင်းဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဧပြီ ၃ ရက် မွန်းလွဲပိုင်းက ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း ပါလက်စတိုင်းမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပဋိပက္ခဖြစ်ပွား

အနောက်ဘက်ကမ်း၌ ရဟူဒီရပ်ကွက်တိုးချဲ့ရေးအတွက် ပါလက်စတိုင်းပိုင်နယ်မြေများသိမ်းယူရန် အစ္စရေးအစိုးရ၏ ဆုံးဖြတ်ချက်ကို ပါလက်စတိုင်းအချို့က ကန့်ကွက်ဆန္ဒပြရာမှ ယင်းသို့ပဋိပက္ခဖြစ်ပွားခြင်းဖြစ်သည်။

ပစ်ခတ်

ထိုအတောအတွင်း ဂါဇာကမ်းမြောင်မှ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ပါလက်စတိုင်းတို့က ဒုံးကျည်ဖြင့် ဧပြီ၃ရက်က ပစ်ခတ်ကြောင်း အစ္စရေးအသံလွှင့်ဌာနက ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မော်တော်ကားစက်ရုံ

တောင်ကိုရီးယားနိုင်ငံ ပြုတက်ခ်မြို့ရှိ မော်တော်ကားထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

6-4 (04).pmd 1 4/6/2010, 2:03 AM

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ဗီယက်နမ် ပြည်သူတို့၏ သမိုင်းမော်ကွန်း

တိုး-ရေးသားသည်

ဒုတိယအင်ဒိုချိုင်းနားစစ်ပွဲ သို့မဟုတ် ဗီယက်နမ်စစ်ပွဲသည် စစ်အေးတိုက်ပွဲကာလအတွင်း ၁၉၅၉ခုနှစ် စက်တင်ဘာလ ၂၆ရက်မှ ၁၉၇၅ခုနှစ် ဧပြီလ ၃၀ရက်အထိ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခဖြစ်သည်။ စစ်ပွဲမှာ မြောက်ဗီယက်နမ်ကွန်မြူနစ်များကတစ်ဖက်၊တောင်ဗီယက်နမ်အစိုးရကတစ်ဖက် ရင်ဆိုင်တိုက်ခိုက်ကြသည့် စစ်ပွဲဖြစ်သည်။ မြောက်ဗီယက်နမ်ကွန်မြူနစ်များကို ၎င်း၏မဟာမိတ်ကွန်မြူနစ်များကထောက်ခံပြီး တောင်ဗီယက်နမ်အစိုးရကို အမေရိကန်နိုင်ငံနှင့်တကွ အခြားသောကွန်မြူနစ်ဆန့်ကျင်ရေးနိုင်ငံများက အားပေးထောက်ခံခဲ့သည်။

အောင်နိုင်ခဲ့

သမိုင်းအရရှုမြင်ရလျှင် အင်ဒိုချိုင်းနားဒေသကို ပြင်သစ်တို့က ၁၈၅၉ခုနှစ်တွင် အောင်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ကို ပြင်သစ်က ပြင်သစ်-အင်ဒိုချိုင်းနား ကိုလိုနီအဖြစ် သွတ်သွင်းအုပ်ချုပ်သည်။ ထို့နောက် လာအိုနိုင်ငံကိုပါ လက်အောက်ခံပြုခဲ့သည်။ ပြင်သစ်အုပ်ချုပ်မှုကို ဗီယက်နမ်ခုခံရေး လှုပ်ရှားမှုများ အမျိုးမျိုးပေါ်ထွက်ခဲ့သည့်အနက် ဗီယက်မင်းလှုပ်ရှားမှုအဖွဲ့သည်သာ အအောင်မြင်ဆုံးအဖွဲ့ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၀ပြည့်နှစ်တွင် ပြင်သစ်က ဂျာမနီကိုရှုံးသောအခါ ပြင်သစ်အင်ဒိုချိုင်းနားကို ဂျပန်က ကျူးကျော်ခဲ့သည်။ ၁၉၄၄-၁၉၄၅ခုနှစ်အတွင်း ဗီယက်နမ်မြောက်ပိုင်းမှ ဂျပန်တို့၏ သွေးစုပ်အမြတ်ထုတ်မှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် အငတ်ဘေးကြုံရသည်။ ၁၉၄၅ခုနှစ် မတ်လတွင် ပြည်သူတို့အနေဖြင့် စပါးကျီများကိုဖောက်ယူပြီး အခွန်မပေးဆောင်ရန် ဗီယက်မင်းအဖွဲ့က လှုံ့ဆော်စည်းရုံးနိုင်သည်။ ၁၉၄၅ခုနှစ် ဩဂုတ်လတွင် ဂျပန်တပ်များအရေးနိမ့်ပြီး ခြွင်းချက်မရှိ လက်နက်ချသည်။

၁၉၄၅ခုနှစ် စက်တင်ဘာ ၂ရက်တွင် ဟနွိုင်းမြို့တော်၌ ဗီယက်မင်းခေါင်းဆောင် ဟိုချီမင်းက လွတ်လပ်သော ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံထူထောင်ကြောင်း ကြေညာသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးတွင် အောင်နိုင်သူများဖြစ်သည့် ဗြိတိန်၊ အမေရိကန်၊ ဆိုဗီယက်ပြည်ထောင်စုတို့က ဤဒေသမှာ ပြင်သစ်ပိုင်ဖြစ်ကြောင်း အသိအမှတ်ပြုသည်။

အမေရိကန်သမ္မတဟောင်း ဂျွန်ဆင်လက်ထက် ၁၉၆၃-၁၉၆၉ခုနှစ်များအတွင်း စစ်အင်အားတိုးမြှင့်တိုက်ခိုက်သည့်အတွက် မြောက်ဗီယက်နမ်၌ ဗုံးမိုးရွာခဲ့စဉ်က....။

ပြင်သစ်က ချက်ချင်းပြန်လည်အုပ်ချုပ်ရန် အင်အားမရှိသဖြင့် ဗီယက်နမ်တောင်ပိုင်းကို ဗြိတိသျှတပ်များကနေရာယူပြီး ဗီယက်နမ်မြောက်ပိုင်းကို မျိုးချစ်တရုတ်တပ်များက ဝင်ရောက်နေရာယူကြသည်။

ပြင်သစ်က တဖြည်းဖြည်းပြန်လည်အုပ်ချုပ်ရေးထူထောင်သည်။ ၁၉၄၆ခုနှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပသောအခါ ဗီယက်မင်းအဖွဲ့က ဗီယက်နမ်အလယ်ပိုင်းနှင့် မြောက်ပိုင်း၌ အနိုင်ရသည်။ ၁၉၄၆ခုနှစ် မတ်လတွင် ပြင်သစ်က ဟနွိုင်းကို ဝင်ရောက်ပြီး ထိုနှစ် နိုဝင်ဘာလတွင် ဗီယက်မင်းတို့ကို တိုက်ထုတ်သည်။ ဗီယက်မင်းက ပြင်သစ်ကို ပြောက်ကျားစစ်ဆင်ပြီး ပထမအင်ဒိုချိုင်းနားစစ်ပွဲစတင်ခဲ့သည်။ စစ်ပွဲမှာ လာအိုနှင့် ကမ္ဘောဒီးယားတို့ပါ ကူးစက်ပျံ့နှံ့သွားသည်။ ၁၉၄၉ခုနှစ်တွင် တရုတ်ကွန်မြူနစ်များ တရုတ်ပြည်တွင်းစစ်တွင်အနိုင်ရပြီးနောက် ဗီယက်နမ်ကွန်မြူနစ်များကို လက်နက်အကူအညီပေးသည့်အတွက် အခြေအနေပြောင်းသွားသည်။ ၁၉၅၀ပြည့်နှစ် ဇန်နဝါရီလတွင် ဗီယက်မင်းတို့၏ ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသိအမှတ်ပြုခဲ့သည်။

ဒင်ဘင်ဖူး

ဗီယက်မင်းအဖွဲ့သည် ဆိုဗီယက်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ အကူအညီများရရှိသည်။ ပြင်သစ်ကို အောင်နိုင်သည့် ဒင်ဘင်ဖူးစစ်ပွဲကြောင့် အင်ဒိုချိုင်းနား၌ ပြင်သစ်ပါဝင်မှု အဆုံးသတ်သွားစေသည်။ ၁၉၅၄ ခုနှစ် မေလ ၇ရက်တွင် ပြင်သစ်တပ်များ လက်နက်ချသည်။ ဂျီနီဗာညီလာခံတွင် ပြင်သစ်နှင့်ဗီယက်မင်းတို့ အပစ်အခတ်ရပ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်တို့ လွတ်လပ်ရေးရရှိသွားသည်။ ဗီယက်နမ်နိုင်ငံကို ၁၇မျဉ်းပြိုင်ဖြင့် ယာယီ နှစ်ပိုင်းခွဲလိုက်သည်။

မြောက်ပိုင်းတွင် ဗီယက်မင်းတို့က ဆိုရှယ်လစ်နိုင်ငံထူထောင်ပြီး တောင်ပိုင်းတွင် ကွန်မြူနစ်မဟုတ်သော ဗီယက်နမ်သမ္မတနိုင်ငံ ထူထောင်သည်။

အဆိုပြု

ကွန်မြူနစ်အင်အားစုများလက်သို့ တစ်နိုင်ငံကျရောက်သွားလျှင် အနီးအနားရှိနိုင်ငံများ တစ်နိုင်ငံပြီးတစ်နိုင်ငံ ကျရောက်သိမ်းသွင်းသွားနိုင်သည်ဟူသော ဒိုမီနိုသီအိုရီကို အစိုးရ၏မူဝါဒသဘောထားတစ်ရပ်အဖြစ် ထိုစဉ်က အမေရိကန်သမ္မတ အိုက်ဆင်ဟောင်ဝါ အစိုးရက ပထမဆုံးအဆိုပြုခဲ့သည်။

ဗီယက်နမ်နှင့်ပတ်သက်၍ ထိုသီအိုရီကိုပင် အမေရိကန်က ဆက်လက်၍ ခံယူထားသည်။ ကွန်မြူနစ်စနစ် ခေတ်ရေစီးကြောင်းက ဗီယက်နမ်နိုင်ငံကို လွှမ်းသွားလျှင် မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်၊ ဖိလစ်ပိုင်၊ လာအိုနှင့် ကမ္ဘောဒီးယား နိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း ထိုစဉ်က အမေရိကန်အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဂျွန်အက်ဖ်ကနေဒီက ဗီယက်နမ်၏ အမေရိကန်မိတ်ဆွေများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

လိုလား

အင်ဒိုချိုင်းနားဒေသတွင် ကွန်မြူနစ်ဆန့်ကျင်ရေးနိုင်ငံတစ်နိုင်ငံထူထောင်ရန် ထိုစဉ်က အမေရိကန်သမ္မတအိုက်ဆင်ဟောင်ဝါ အစိုးရက လိုလားသည်။ ၁၉၅၅ခုနှစ် အောက်တိုဘာလ ၂၆ရက်တွင် ဝန်ကြီးချုပ်ဒိုင်ဗင်းက ဗီယက်နမ်သမ္မတနိုင်ငံသစ်အဖြစ် တောင်ဗီယက်နမ်ကိုကြေညာကာ သူကိုယ်တိုင်သမ္မတရာထူးရယူလိုက်သည်။

၁၉၆၀ ပြည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဂျွန်အက်ဖ်ကနေဒီ အနိုင်ရသည့်အခါ ဆိုဗီယက်ပြည်ထောင်စုနည်းတူ တာဝေးပစ်ဒုံးကျည်များသာ တူညီမှုရှိရေး အလေးပေးသော်လည်း ကွန်မြူနစ်သူပုန်တို့၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရသည့် တတိယကမ္ဘာ့နိုင်ငံများ၌ အမေရိကန်အထူးတပ်ဖွဲ့များကို သူပုန်နှိမ်နင်းရေးစစ်ဆင်မှုတွင် အသုံးပြုရန်စိတ်ဝင်စားသည်။

၁၉၆၁ခုနှစ်တွင် ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့်ရှိသည်။ ကျူးဘားအရေးနှင့်စပ်လျဉ်း၍ ဝက်ပင်လယ်ကျူးကျော်မှု အရေးနိမ့်ခြင်း၊ ဘာလင်တံတိုင်းတည်ဆောက်ခြင်း၊ အနောက်အုပ်စုလိုလားသည့် လာအိုအစိုးရနှင့် ပသက်လောကွန်မြူနစ်လှုပ်ရှားမှုအဖွဲ့တို့အကြား စေ့စပ်ဖြေရှင်းရခြင်းစသည့် အကျပ်အတည်းသုံးရပ်ကို ကနေဒီကြုံတွေ့ရသည်။ ထို့ကြောင့် ကွန်မြူနစ်အင်အားတိုးချဲ့မှုကို ရပ်ဆိုင်းသွားအောင် အမေရိကန်က မထိန်းချုပ်နိုင်လျှင် နောက်ထပ်ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်လိမ့်မည်။ ထို့မျှမက အမေရိကန်နိုင်ငံအပေါ် ယုံကြည်မှုနှင့် ၎င်း၏နာမည်ဂုဏ်သတင်းကိုပါ ထိခိုက်မည်ဟု သမ္မတကနေဒီက ယုံကြည်သည်။

ထို့ကြောင့်ပင် တောင်ဗီယက်နမ်တွင် သမ္မတအိုက်ဆင်ဟောင်ဝါ လက်ထက်က အမေရိကန်အကြံပေးအရာရှိ ၉၀၀သာ ရှိခဲ့ရာမှ ၁၉၆၂ခုနှစ် ဧပြီလ၌ အမေရိကန်စစ်ဘက်ဆိုင်ရာဝန်ထမ်း ၁၆၀၀၀အထိ တိုးလာခဲ့သည်။ သမ္မတကနေဒီ လုပ်ကြံခံရပြီးနောက် လင်ဒန်ဂျွန်ဆင်သမ္မတဖြစ်လာသောအခါတွင် ကွန်မြူနစ်စနစ် တိုက်ဖျက်ရေးစစ်ပွဲကို အင်တိုက်အားတိုက်ကူညီပါဝင်ရမည်ဟု ၁၉၆၃ခုနှစ် နိုဝင်ဘာလ ၂၄ရက်က ပြောကြားသည်။

ဆင်နွှဲ

မြောက်ဗီယက်နမ်ကို အကန့်အသတ်မရှိ ဗုံးကြဲတိုက်ခိုက်သည်။ ထို့ပြင် အမျိုးသားလွတ်မြောက်ရေးတပ်ဦး (အင်န်အယ်လ်အက်ဖ်)နှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် (ဗွီပီအေ)တို့၏ သီးခြားအစိတ်အပိုင်းနှင့် အခြေခံအဆောက်အအုံများ ချေမှုန်းရေးကဲ့သို့သော ဗုံးကြဲဖျက်ဆီးရေး စစ်ဆင်မှုများလည်း ဆင်နွှဲသည်။

၁၉၆၅ခုနှစ် မတ်လ ၈ရက်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၃၅၀၀စေလွှတ်ခြင်းမှာ အမေရိကန်တို့၏ မြေပြင်စစ်ပွဲစတင်သည့် လက္ခဏာဖြစ်သည်။ ထိုနှစ် ဒီဇင်ဘာလတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀၀အထိ တိုးတက်လာသည်။ အမေရိကန်ဗိုလ်ချုပ်ကြီး ဝက်စမိုးလင်းက အချက်သုံးချက်ပါ စစ်နိုင်ရေးအစီအစဉ်ချမှတ်ဆောင်ရွက်သည်။ မအောင်မြင်ပါ။ နောက်ထပ်အင်အား ၂၀၀၀၀၀ ပေးရန် သူ၏မေတ္တာရပ်ခံချက်သာ မီဒီယာများသို့ပေါက်ကြားသွားသည်။ အရာမထင်။ ကြည်းတပ်ဦးစီးချုပ်ရာထူးကို သူ့လက်ထောက် စရိတန်အာဘရမ်အား လွှဲပေးလိုက်ရသည်။

ဆွေးနွေးပွဲ

၁၉၆၈ခုနှစ် မေလ ၁၀ရက်တွင် အမေရိကန်နှင့် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်သည်။ မြောက်ဗီယက်နမ်ကို ဗုံးကြဲမှုရပ်ရန် သမ္မတဂျွန်ဆင် အမိန့်ပေးသည့်တိုင်အောင် စေ့စပ်ပွဲများရှေ့မတိုးအောင် ငါးလကြာဖြစ်ခဲ့ရသေးသည်။ ဂျွန်ဆင်၏ဗီယက်နမ်စစ်ရှိန် တိုးမြှင့်မှုကြောင့် အမေရိကန်တို့အချင်းချင်း သဘောကွဲရပြီး အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ အသက်ဆုံးရှုံးရသည်ဟု သမိုင်းပညာရှင် ရောဘတ်ဒါးလက်က ရေးသားထားသည်။

ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း။

စတေးခဲ့ရ

၁၉၇၂ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်ရာတွင် ဗီယက်နမ်စစ်ပွဲမှာအရေးကြီးကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁၅ရက်တွင် မြောက်ဗီယက်နမ် ထိုးစစ်ကိုရပ်စဲကြောင်း သမ္မတနစ်ဆင်က ကြေညာသည်။ ပါရီငြိမ်းချမ်းရေးစာချုပ်ကို ၁၉၇၃ခုနှစ် ဇန်နဝါရီလ ၂၇ရက်တွင် လက်မှတ်ရေးထိုးလိုက်သောအခါ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တိုက်ရိုက်ပါဝင်မှု တရားဝင်အဆုံးသတ်သွားသည်။ သို့သော် တိုက်ပွဲများဆက်ဖြစ်နေသည်။ ဆိုင်ဂုံမြို့ကို မြောက်ဗီယက်နမ်တပ်မတော်က ၁၉၇၅ခုနှစ် ဧပြီလတွင် သိမ်းပိုက်သောအခါ ဗီယက်နမ်စစ် သို့မဟုတ် ဒုတိယအင်ဒိုချိုင်းနားစစ်ပွဲ ပြီးဆုံးသွားသည့် လက္ခဏာဖြစ်ပြီး နောက်တစ်နှစ်တွင် တောင်နှင့်မြောက်ဗီယက်နမ်နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းသွားသည်။ ဤစစ်ပွဲတွင် တောင်နှင့်မြောက် ဗီယက်နမ်နှစ်ပိုင်းမှ လူ့အသက်ပေါင်း သုံးသန်းနှင့် လေးသန်းအကြား၊ လာအိုနှင့် ကမ္ဘောဒီးယားက တစ်သန်းခွဲမှ နှစ်သန်း၊ အမေရိကန်တပ်ဖွဲ့ဝင် ၅၈၁၅၉ဦးတို့၏ အသက်ပေါင်းများစွာကို စတေးခဲ့ရသည်။

ဒင်ဘင်ဖူးစစ်ပွဲက အင်ဒိုချိုင်းနား၌ ပြင်သစ်တို့ပတ်သက်မှု အဆုံးသတ်စေကာ ဗီယက်နမ်ပြည်သူတို့၏အောင်ပွဲကို သက်သေထူသကဲ့သို့ ဗီယက်နမ်စစ်ပွဲပြီးဆုံးမှုကလည်း အင်ဒိုချိုင်းနား၌ အမေရိကန်စစ်ရေးပါဝင်မှုကို အဆုံးသတ်စေခဲ့ကာ ဗီယက်နမ်ပြည်သူတို့၏အားမာန်ကို ထပ်မံမော်ကွန်းတင်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ။

ကိုးကား-အင်တာနက်

ကွန်မြူနစ်စနစ် ခေတ်ရေစီးကြောင်းက ဗီယက်နမ်နိုင်ငံကို လွှမ်းသွားလျှင် မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်၊ ဖိလစ်ပိုင်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်။ (ဂျွန်အက်ဖ်ကနေဒီ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

တရုတ်မြောက်ပိုင်း၌ မိုင်းတွင်းရေလွှမ်းမှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း ကျန်နင်းမြို့အနီးရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၌ ဧပြီ ၅ရက် နံနက်က ရေလွှမ်းမှုဖြစ်ပွားရာ ပိတ်မိနေသောမိုင်းလုပ်သား ၁၅၃ဦးအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

အိုင်လန်ကျွန်းတောင်ပိုင်း၌ မီးတောင်လှုပ်ရှားနေ

ဗြိတိန်နိုင်ငံ အိုင်လန်ကျွန်းတောင်ပိုင်းရှိ မီးတောင်သည် ဧပြီ ၅ရက် နံနက်က စတင်လှုပ်ရှားလာပြီး ပြာမှုန်များနှင့် မီးခိုးများထွက်ရှိလျက်ရှိကြောင်း၊ အနီးဝန်းကျင်ဒေသများ၌ နေထိုင်သည့် ဒေသခံများအား ရွှေ့ပြောင်းပေးလျက်ရှိကြောင်း ဗြိတိန်အရာရှိများက သတင်းထုတ်ပြန်သည်။

ဒူဘိုင်းရှိ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံပြန်ဖွင့်

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ရှိ ဒူဘိုင်းမြို့တွင် တည်ဆောက်ထားသော ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံ လွန်ခဲ့သည့်နှစ်လက ဓာတ်လှေကား ချွတ်ယွင်းမှုကြောင့် ပိတ်ထားခဲ့ရာမှ ယခုအခါပြင်ဆင်ပြီး၍ ဧပြီ ၅ရက်၌ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ယူအေအီးအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားရေနံတင်သင်္ဘော အပိုင်စီးခံရ

တောင်ကိုရီးယားရေနံတင်သင်္ဘောတစ်စင်းအား ဆိုမာလီကမ်းလွန်ရေပြင်၌ ဆိုမာလီဓားပြများက ဧပြီ ၅ရက် နံနက်တွင် အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် သင်္ဘောသား ၂၄ဦးပါရှိကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ပြင်သစ်စစ်အခြေစိုက်စခန်းများ ဆီနီဂေါ်ပြန်ယူမည်

ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သည့် နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် ပြင်သစ်တို့အသုံးပြုထားသော စစ်အခြေစိုက်စခန်းနေရာသုံးခုကို ပြန်လည်ရယူမည်ဖြစ်ကြောင်း ဆီနီဂေါ်သမ္မတဝါဒီက ဧပြီ ၅ရက်၌ ထုတ်ဖော်ပြောကြားသည်။

အီရန်ကနျူလက်နက်ဖျက်သိမ်းရေး ညီလာခံကျင်းပမည်

နျူကလီးယားလက်နက်များ မပြန့်ပွားရေးကို ကြိုဆိုသည့်အနေဖြင့် နျူလက်နက်ဖျက်သိမ်းရေးညီလာခံတစ်ရပ်ကို ဧပြီ ၁၇ရက်မှစတင်ကာ ကျင်းပမည်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်သည် အများပြည်သူတို့အတွက်ဖြစ်ပြီး နျူကလီးယားလက်နက်သည် တစ်ကမ္ဘာလုံးအကျိုးပြုမည်မဟုတ်ကြောင်း အီရန်အရာရှိများက ဧပြီ ၅ရက်၌ ပြောကြားသည်။

တရုတ်-အင်ဒိုနီးရှား နယ်ပယ်စုံ၌ ပူးပေါင်းမည်

တရုတ်နှင့်အင်ဒိုနီးရှားနှစ်နိုင်ငံတို့သည် နယ်ပယ်စုံ၊ ကဏ္ဍစုံတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၉ရာခိုင်နှုန်းအထိ မြင့်တက်နေကြောင်း သိရသည်။

(အင်တာနက်)

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး အထောက်အကူပြု တစ်နေ့လျှင် ကွန်ကရစ်ဇလီဖားတုံး ၆၀၀ခန့်ထွက်ရှိမည့်

ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ) တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ အဆိုပါစက်ရုံဥပစာ၌ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကားပြောကြားရာ၌ မကွေးတိုင်း ပခုက္ကူမြို့၌ ကြံ့ခိုင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံတစ်ခုကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်သွားလာနိုင်မည့် ရထားလမ်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ဖောက်လုပ်ရာတွင် ကွန်ကရစ်ဇလီဖားများသည်လည်း တစ်ထောင့်တစ်နေရာကနေ အားဖြည့်ပါဝင်နိုင်မည် ဖြစ်သည့်အတွက် ဤစက်ရုံကြီးသည် မိမိတို့ မကွေးတိုင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ ယနေ့ ကွန်ကရစ်ဇလီဖားစက်ရုံကြီး ဖွင့်လှစ်နိုင်ခြင်းသည် လမ်းပန်းဆက်သွယ်မှုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရထားလမ်းဖောက်လုပ်ရာ၌ လိုအပ်သည့် ဇလီဖားများကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အထောက်အကူပြုမည့် စက်ရုံတစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ ပခုက္ကူဒေသ၌ အဆိုပါ စက်ရုံကြီးကို ယနေ့တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်များ ရရှိလာမည်ဖြစ်ပြီး မိသားစုအကျိုး၊ မြို့နယ်အကျိုး၊ နိုင်ငံအကျိုးကို ကျရာအခန်းကဏ္ဍက မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် နိုင်ငံတော်၏ စေတနာထားဆောင်ရွက်မှုများအပေါ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။ ''နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အခြေခံကျသည်'' ဆိုသည့်အတိုင်း ပြည်ထောင်စုရထားလမ်းကွန်ရက်ကို တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာတိုးတက်အကောင်အထည်ဖော် သကဲ့သို့ ဖောက်လုပ်ပြီး ရထားလမ်းများပိုမိုကြံ့ခိုင်ကောင်းမွန်ရန်အတွက် သစ်သား ဇလီဖားတုံးများနေရာတွင် ကွန်ကရစ် ဇလီဖားတုံးများကို လဲလှယ် အသုံးပြုခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ပြီး ကုန်စည်နှင့် ခရီးသည်များကို များများနှင့် မြန်မြန် သယ်ယူပို့ဆောင်ပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ကြံ့ခိုင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ)ကို ယနေ့ ဖွင့်လှစ်ပေးခဲ့သည့်အတွက် မကွေးတိုင်းရှိ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထုတ်လုပ်နိုင်

ထို့နောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာ၌ ဤစက်ရုံကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် မတ်လအတွင်း စမ်းသပ်လည်ပတ်ထုတ်လုပ်လျက် ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တည်ဆောက်ချိန် တစ်နှစ် လေးလကြာမြင့်ခဲ့ကြောင်း၊ သစ်သားဇလီဖား၏ ခံနိုင်ရည်မှာ အနည်းဆုံး ငါးနှစ်ရှိကြောင်း၊ ကွန်ကရစ်ဇလီဖား တစ်တုံးသည် အနည်းဆုံးနှစ် ၆၀ခံနိုင်ရည်ရှိသဖြင့် သစ်သားဇလီဖားတုံးများအစား ကွန်ကရစ်ဇလီဖားတုံးများအား အစားထိုး သုံးစွဲနိုင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကွန်ကရစ် ဇလီဖားတုံးသည် သစ်သားဇလီဖားတုံးထက် နှစ်သက်တမ်းအားဖြင့် ၁၂ဆ၊ ခံနိုင်ရည်အားဖြင့် ကိုးဆရှိကြောင်း၊ သစ်သားဇလီဖားတုံးများသည် ရထားဖြတ်သန်းချိန်၌ တစ်စတုရန်းလက်မတွင် ပေါင် ၈၀၀ ခံနိုင်ရည်ရှိပြီး ကွန်ကရစ်ဇလီဖားတုံးသည် တစ်စတုရန်းလက်မတွင် ပေါင် ၇၀၀၀ ခံနိုင်ရည်ရှိကြောင်း၊တိုးတက်လာသည့် ရထားလမ်းသစ်များအတွက်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ ရထားလမ်းများ ပိုမိုကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိသံလမ်းမိုင်အရှည်မှာ ၄၅၁၈ ဒသမ ၀၄ ရှိပြီး တစ်မိုင်လျှင် ဇလီဖားတုံး ၂၄၄၈တုံး ခင်းကျင်းရကာ စုစုပေါင်း သိန်း ၁၁၀ကျော် လိုအပ်ကြောင်း၊ ကွန်ကရစ်ဇလီဖားတုံးများ အသုံးပြုခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ပြီး ခံနိုင်ရည်အား ပိုမို တိုးတက်လာကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ) သည် ၁၃ ဒသမ ၈၆ဧကကျယ်ဝန်းပြီး ကွန်ကရစ်ဇလီဖားတုံး တစ်ရက်ပျမ်းမျှ အတုံး ၆၀၀နှင့် တစ်နှစ်ပျမ်းမျှ နှစ်သိန်းခန့် ထုတ်လုပ်နိုင်ကာ သံလမ်းထိန်း ကလစ်များပါ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့ဝင်များ ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ)တွင် ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အရှိန်အဟုန်ကောင်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကွန်ကရစ်ဇလီဖား နှစ်သိန်းခန့် ထုတ်လုပ်နိုင်မည့် ကွန်ကရစ်ဇလီဖားစက်ရုံ သုံးရုံကို စစ်ကိုင်းတိုင်း ခင်ဦးမြို့၊ မကွေးတိုင်း ပခုက္ကူမြို့နှင့် ပဲခူးတိုင်း ဥဿျစ်ပင်မြို့တို့၌ ထပ်မံတည်ဆောက်လျက်ရှိကြောင်း၊ ကွန်ကရစ် ဇလီဖားစက်ရုံ (မြစ်ငယ်)၊ ကွန်ကရစ် ဇလီဖားစက်ရုံ (ပြွန်တန်ဆာ)နှင့် ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ)တို့ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ ပခုက္ကူစက်ရုံနှင့် ပါဆိုလျှင် ကွန်ကရစ်ဇလီဖားစက်ရုံ လေးရုံကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ရာ လမ်းပိုင်း အဆင့်မြှင့်တင်ရေးအတွက် အရှိန်အဟုန်ကောင်းများ ရရှိလာပြီဖြစ်ကြောင်း။

ဖောက်လုပ်

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် သယ်ပို့စရိတ်သက်သာစွာ ဆောင်ရွက်ပေးနိုင်သည့် နိုင်ငံတော်မီးရထားကွန်ရက် (NATIONAL RAILWAY NETWORK) ကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ မြန်မာ့မီးရထားလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၈၇၇ခုနှစ်မှ စတင်ခဲ့ပြီး လွတ်လပ်ရေးရသည့် ၁၉၄၈ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ ဒသမ ၇၅မိုင် ဖောက်လုပ်နိုင်ခဲ့ရာ တစ်နှစ်ပျမ်းမျှ ၁၇ဒသမ၃မိုင်သာ ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၁ ဒသမ ၆၀မိုင် ဖောက်လုပ်နိုင်ခဲ့ရာ တစ်နှစ်ပျမ်းမျှ ၁ ဒသမ ၃မိုင်သာ ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ တပ်မတော်အစိုးရကာလ ၁၉၈၈ ခုနှစ်မှ ၂၀၀၉-၂၀၁၀ခုနှစ်အထိ ၁၄၃၃ ဒသမ ၉၈မိုင် ဖောက်လုပ်နိုင်ခဲ့သဖြင့် တစ်နှစ်ပျမ်းမျှ ၆၈ ဒသမ ၂၄မိုင် တိုးတက် ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ယခုလာမည့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ရထားလမ်းခရီးမိုင် ၂၅၀ဖောက်လုပ်ရန် တာဝန်ပေးအပ်ထားကြောင်း၊ ယမန်နှစ်ကထက် အလုပ်လေးဆ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ဆဲ စီမံကိန်းများမှာ ကြံခင်း-ပခုက္ကူ ရထားလမ်းမိုင် ၃၂၀၊ မင်းဘူး-စစ်တွေရထားလမ်း ၂၅၇မိုင်၊ ကသာ-ဗန်းမော်ရထားလမ်း ၉၈မိုင်၊ နမ့်စန်-မိုးနဲ-ကျိုင်းတုံရထားလမ်း ၂၂၆မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ၉၅မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း ၁၃၂မိုင်၊ပုသိမ်-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၇မိုင်၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း ၄၈မိုင်နှင့် ပြည်-ပေါက်ခေါင်း-တောင်ငူရထားလမ်း မိုင် ၁၂၀ စုစုပေါင်း ၁၃၈၃မိုင် ဖောက်လုပ်လျက်ရှိကြောင်း။

ဆောင်ရွက်

အဆိုပါ ရထားလမ်းများဖောက်လုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကွန်ကရစ်ဇလီဖားစက်ရုံများကို တည်ဆောက်ပေးခဲ့ရာ ကြံခင်း-ပခုက္ကူလမ်းအတွက် ပခုက္ကူကွန်ကရစ် ဇလီဖားစက်ရုံကို လည်းကောင်း၊ ကသာ-ဗန်းမော်လမ်းအတွက် ခင်ဦးကွန်ကရစ်ဇလီဖား စက်ရုံကိုလည်းကောင်း၊ နမ့်စန်-မိုးနဲ-ကျိုင်းတုံ လမ်းအတွက် ရွှေညောင် ကွန်ကရစ်ဇလီဖားစက်ရုံကို လည်းကောင်း၊ ထားဝယ်-မြိတ် ရထားလမ်းအတွက် မုတ္တမ ကွန်ကရစ်ဇလီဖားစက်ရုံကို လည်းကောင်း၊ ပုသိမ်-ရန်ကုန်လမ်းအတွက် ဥဿျစ်ပင် ကွန်ကရစ်ဇလီဖားစက်ရုံကို လည်းကောင်း၊ မင်းဘူး-စစ်တွေလမ်းအတွက် မင်းဘူးကွန်ကရစ်ဇလီဖားစက်ရုံကို လည်းကောင်း တည်ဆောက်ပေးခဲ့ပြီး ကျန်စက်ရုံများကိုလည်း ဆက်တိုက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ စရိတ်စက သက်သာစွာ ကုန်စည်နှင့် ခရီးသည်များကို များများ သယ်ယူပို့ဆောင် ပေးနိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုကို အထောက်အကူပြု စေရေးစသည့် နိုင်ငံတော်၏ လိုအပ်ချက်များကို ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ဖြည့်ဆည်းပေးနိုင်ရန် ရထားလမ်းသစ်များ ထပ်မံ ဖောက်လုပ်ဖွင့်လှစ်ပေးခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တိုင်းဥက္ကဋ္ဌတို့က မင်္ဂလာအချိန်တွင် ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီး၊ တိုင်းဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ကွန်ကရစ် ဇလီဖားစက်ရုံအတွင်း ကွန်ကရစ် ဇလီဖားထုတ်လုပ်မှု အဆင့်ဆင့်ကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

အသုံးပြု

ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ)မှ တစ်နေ့လျှင် ကွန်ကရစ်ဇလီဖားတုံး ၆၀၀ခန့် ထွက်ရှိမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ) ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားများကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်း၊ ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်း တစ်လျှောက်ရှိ သစ်သားဇလီဖားများနေရာတွင် အစားထိုးလဲလှယ်ခြင်း၊ လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပြီး အသစ်ထပ်မံဖောက်လုပ်နေသည့် ရထားလမ်းများတွင်လည်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ)ကို တွေ့ရစဉ်။ (သတင်းစဉ်)

6-4 (06).pmd 1 4/6/2010, 2:03 AM

အညာမြေသဘာဝကို ရေလျှံတွင်းများဖြင့် အလှဆင်ခဲ့ပြီ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - တင်သန်းဝင်း(ပြန်/ဆက်) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၅

မုံရွာခရိုင် အရာတော်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာများရှိ ရေလျှံတွင်းများမှ ရေများအလျှံပယ် ထွက်ရှိနေမှု၊ ဒေသခံပြည်သူတို့အတွက် သောက်ရေ သုံးရေနှင့် ကျွဲ၊ နွား ရေဖူလုံသည့်အပြင် စိုက်ပျိုးရေအတွက်ပါ အသုံးပြုနေကြောင်း သတင်းဆောင်းပါးကို ၂၀၁၀ ခုနှစ် ဇန်နဝါရီလက သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဝမ်းသာမဆုံး

ထပ်မံ၍လည်း အရာတော်မြို့နယ်၏ တောင်မွှာကျေးရွာနှင့် တော်လှကျေးရွာများတွင် ရေလျှံတွင်းများမှ ရေများ

အရာတော်မြို့နယ် တောင်မွှာကျေးရွာနှင့် တော်လှကျေးရွာတို့၌ ရေလျှံတွင်းများမှ ရေများထွက်ရှိနေမှုကို ဤသို့ တွေ့ခဲ့ရသည်။

အလျှံပယ်ထွက်ရှိကာ ရွာသူ ရွာသားများ ဝမ်းသာမဆုံး ပျော်တပြုံးပြုံး ဖြစ်နေကြသည့်သတင်းကို ကြားရသည့်အတွက် မုံရွာမြို့မှ မော်တော်ယာဉ်ဖြင့် ခရီးထွက်ခဲ့သည်။

နွေ၏ အရသာကို ခံစားရင်း ပတ်ဝန်းကျင်ကို ငေးမောကြည့်မိသည်။ အညာနွေ၏ သရုပ်မှာ ပီပြင်လှသည်။ နေကပူသည်။ လေပူတွေက ကားအတွင်းသို့ တိုးဝင်လာသည်။ လက်ပံပွင့်တို့နှင့် အပြိုင် ပေါက်ပွင့်ပန်းတို့ကလည်း ရဲရဲနီလျက် အလှဆင်နေကြသည်။ အညာနွေ၏ ရာသီပင်များဖြစ်ကြသည့် ကုက္ကိုပင်များ၊ တမာပင်များ၊ ထနောင်းပင်များ၊ မဲဇလီပင်များ၊ထန်းပင်များက သစ်ရွက်စိမ်းစိမ်းတို့ဖြင့် မြင်ရသူအဖို့ စိတ်ရွှင်လန်းစေသည်။

မော်တော်ကားလေးသည် အရာတော်မြို့ကိုဖြတ်၍ ဘောင်းကျူရွာသွားသည့် ကားလမ်းပေါ်သို့ ဆက်လက်မောင်းနှင်ခဲ့သည်။ အရာတော်မြို့နှင့် ခုနစ်မိုင်အကွာရှိသည့် တောင်မွှာကျေးရွာသို့ ရောက်ခဲ့သည်။

ရေသွင်းစိုက်ပျိုး

ရှေးဦးစွာ တောင်မွှာကျေးရွာ ရေလျှံတွင်းရှိရာသို့ သွားကြည့်ရာ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းက “ဒီရေလျှံတွင်းကို ၂၆-၁၀-၂၀၀၉ရက်က စတင်တူးဖော်ခဲ့ပြီး ၂၂-၁၁-၂၀၀၉ရက်က ပြီးစီးခဲ့ကြောင်း၊ အနက်ပေ ၁၃၀၀မှ တစ်နာရီလျှင် ရေလျှံထွက်နှုန်း ဂါလန် ၁၂၀၀၀ ရှိပြီး PH 7.5 ရှိကြောင်း၊ ရေလျှံတွင်းနှင့် တောင်မွှာကျေးရွာ အကွာအဝေးမှာ နှစ်မိုင်ခန့်ရှိကြောင်း၊ လေးလက်မ ပိုက်မှ လျှံထွက်လာသော ရေများကို သုံးလက်မပိုက် အရှည်ပေ ၁၀၂၄၀ဖြင့် ရွာလယ်ရှိ ရေလှောင်ကန်သို့ ဆက်သွယ်ပေးခဲ့ကြောင်း၊ ထိုရေလှောင်ကန်မှ ရွာထဲသို့ နှစ်လက်မပိုက်များဖြင့် ဖြန့်ဝေပြီး တစ်လက်မပိုက်များဖြင့် အိမ်တိုင်ရာရောက် တပ်ဆင်သွယ်ယူထားကြောင်း၊ သောက်သုံးရေမှ ပိုလျှံသည့်ရေများကို ရွာတောင်ဘက်ရှိ မြေကိုးဧက ကျယ်ဝန်းသည့် ကန်တော်ကြီးကန်ထဲတွင် သိုလှောင်ထားကြောင်း၊ အနီးရှိ မိုးစပါးဧက၂၅၀၊ နွေစပါး ခြောက်ဧကကို ရေသွင်းစိုက်ပျိုးခဲ့ကြောင်း” ရှင်းပြခဲ့သည်။

ရေခက်ခဲ

ရွာထဲအရောက်တွင် အဘဦးချစ်ပြည့်(၇၃)နှစ်က “ဒီရွာမှာ အိမ်ခြေ ၃၂၀၊ လူဦးရေ ၂၂၇၄ဦးရှိတယ်။ ရေလျှံတွင်းက သောက်ရေသန့်ကို ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ မူလတန်းလွန်ကျောင်း၊ ဆေးခန်းနဲ့ အိမ်တွေက ရေတိုင်ပေါင်း၃၂၀ ကို ပိုက်သွယ်ပြီး သောက်သုံးနေကြတယ်။ ဒီကျေးရွာရဲ့ ဟိုးတစ်ချိန်က ရေခက်ခဲမှုကို ဘကြီးတို့ကိုယ်တိုင် ခံစားခဲ့ရတယ်။ နွေရာသီမှာ ရွာမြောက်ဘက် တစ်မိုင်ဝေးတဲ့ ရွှေလင်ပန်းချောင်းထဲမှာ လက်ယက်တွင်း တူးပြီး နွားလှည်းရေစည်နဲ့ သယ်ခဲ့ရတယ်။ အချိန် တစ်နာရီစောင့်ပြီးမှ ရေတစ်စည် ရတယ်။ တချို့ကလည်း ရွာရဲ့အရှေ့ဘက် တစ်မိုင်ခွဲဝေးတဲ့ မူးမြစ်ထဲကရေကို နွားလှည်းရေစည်နဲ့ သွားတိုက်ရတယ်။ ၁၉၈၃ခုနှစ် ကျေးလက်ရေ ရရှိရေးဌာနက ရွာလယ်မှာ စက်ရေတွင်း တူးပေးခဲ့တယ်။ နွားလှည်းရေ တစ်စည်ကို အဲဒီခေတ်က ငွေကျပ် ၁၅၀မှ ၂၀၀ အထိပေးပြီး ဝယ်ခဲ့ရတယ်။ ရေစက်ပျက်လို့ အပိုပစ္စည်းရှာဝယ်ခဲ့တာ မရလိုက်ပါဘူး။ အရေးအခင်းနဲ့ကြုံလို့ ရေစက်လုပ်ငန်း ရပ်ဆိုင်းသွားရတယ်။”

ဖူလုံပိုလျှံ

“ဟိုးရှေးတုန်းက သီရိဓမ္မာသောကမင်းကြီးဟာ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် တူးပေးခဲ့တယ်လို့ စာထဲမှာ ဖတ်လို့ သိရပါတယ်။ ဒါပေမယ့် ဘကြီးတို့ရွာ မပါခဲ့ပါဘူး။ တပ်မတော်အစိုးရလက်ထက်ကျမှ ဦးကြိုင်စန်းရွှေနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းစိန် မိသားစုတို့က ရေလျှံတွင်းလေးတွင်း ကုသိုလ်ပြုကြရာမှာ ဘကြီးတို့ရွာပါ လှူဒါန်းပေးခဲ့လို့ အခုလို ဖူလုံ ပိုလျှံအောင် သောက်သုံးခဲ့ရတယ်။ ဘကြီးတို့ငယ်ငယ်က ကန်တော်ကြီးထဲက ရေတွေ သောက်ခဲ့ရတယ်။ ဒီခေတ်လိုလည်း ဗဟုသုတ မကြွယ်တော့ ဒီရွာမှာ အနာကြီးရောဂါနဲ့ အရေပြားရောဂါတွေ ရခဲ့တာပေါ့။ ဒါ့ကြောင့် ဘကြီးတို့ရွာကို အနာကြီးရောဂါသည်ရွာလို့ အပြောခံခဲ့ရတယ်။ အခုတော့လည်း ဒီရောဂါတွေ မရှိတော့ပါဘူး။ အဲဒီရေဒုက္ခကြောင့် လူတွေ၊ နွားတွေ ပင်ပန်းပြီး ရောဂါဖြစ်ခဲ့ရတာမမေ့ပါဘူး။”

အခုဆိုရင် တစ်ရွာလုံးကလူတွေ ပျော်ရွှင်မဆုံး ဖြစ်ရုံတင်မကဘူး၊ နွားတွေကပါ ချောင်းထဲ၊ မြစ်ထဲ၊ နေပူကျဲကျဲမှာ ရေသွားမသယ်ရတော့ တာဝန်တွေပေါ့ပြီး ခုန်ပေါက် မြူးနေလိုက်ကြတာ ပြောစရာတောင်ဖြစ်နေပြီ။ ကိုမာဃတို့ အစိုးရကို တစ်ရွာလုံးက ကျေးဇူးတင်လို့မဆုံး ဖြစ်နေကြတယ်။ လက်ညှိုးညွှန်ရာ ရေထွက်တဲ့သူတွေပေါ့။ ဒို့ရွာသားတွေရဲ့ လိုအပ်ချက်ကို ရွာအရောက် လာကြည့်ပြီး ချက်ချင်း ဖြည့်ဆည်းပေးတာ ကျေးဇူးတင်ရတာပေါ့။ ကိုမာဃတို့အဖွဲ့ ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်မှာပေါ့လို့ ဘကြီး ပြောရဲတယ်”ဟု ဘကြီးပြည့်က ရယ်မောစွာဖြင့် အားပါးတရ ပြောပြခဲ့သည်။

ဝမ်းသာကြည်နူး

တောင်မွှာကျေးရွာတွင် နွေနေ့လယ်မှာ အိမ်ဝင်းထဲရှိ ရေတိုင်များမှ ရေအသုံးချနေပုံတို့ကို မြင်တွေ့ခဲ့ရသည့်အတွက် ဝမ်းသာကြည်နူးမှုကို ခံစားမိပါသည်။ ရွာသူရွာသားများကို နှုတ်ဆက်ပြီး တော်လှကျေးရွာသို့ ခရီးဆက်ခဲ့ကြသည်။

“ရွာသားတွေရဲ့ လိုအပ်ချက်ကို ရွာအရောက် လာကြည့်ပြီး ချက်ချင်း ဖြည့်ဆည်းပေးတာ ကျေးဇူးတင်ရတာပေါ့”

အဘဦးချစ်ပြည့်
(တောင်မွှာကျေးရွာ)

မကြာလိုက်ပါ။ ထန်းရိပ်ပင်များအောက်က တော်လှကျေးရွာသို့ ရောက်ခဲ့သည်။ တော်လှကျေးရွာ ရေလျှံတွင်းကို ကြည့်ရှုခဲ့ရာ ဦးတင်မောင်ဝင်း (ဒုတိယညွှန်ကြားရေးမှူး)က “တော်လှကျေးရွာ ရေလျှံတွင်း၊ အရာတော်မြို့ပေါ်က အမှတ်(၂)ရပ်ကွက် ရေလျှံတွင်းနှင့် အမှတ်(၃)ရပ်ကွက် ရေလျှံတွင်းတို့ကို ရန်ကုန်မြို့က အလှူရှင် ဦးကြိုင်စန်းရွှေနဲ့ဇနီး ဒေါက်တာဒေါ်ခင်ဝင်းစိန် မိသားစုတို့က လှူဒါန်းခဲ့ပြီး ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တူးဖော်ပေးခဲ့ကြောင်း၊ ဒီရွာက ရေလျှံတွင်းကို ၂၀-၃-၂၀၀၉ရက်က စတင်တူးဖော်ခဲ့ပြီး ၁၀-၄-၂၀၀၉ရက်မှာ ပြီးစီးခဲ့ကြောင်း၊ အနက်ပေ ၁၃၀၀ရှိပြီး တစ်နာရီလျှင် ရေလျှံထွက်နှုန်း ဂါလန် ၁၀၀၀၀ရှိ၍

အရာတော်မြို့နယ် တောင်မွှာကျေးရွာနှင့် တော်လှကျေးရွာတို့၌ ရေလျှံတွင်းများမှ ရေများထွက်ရှိနေမှုကို ဤသို့ တွေ့ခဲ့ရသည်။

PH 8.5 ဖြစ်ကြောင်း၊ ရေလျှံတွင်းမှ လေးလက်မပိုက်ဖြင့် လျှံထွက်လာသော ရေများကို ကွန်ကရစ် ရေလှောင်ကန်တွင် သိုလှောင်ပြီး ထိုမှ ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် အိမ်ခြေ ၇၀ရှိ လူဦးရေ ၄၅၀အတွက် နှစ်လက်မပိုက်များဖြင့် သွယ်တန်းကာ ထပ်ဆင့်၍ တစ်လက်မပိုက်များဖြင့် အိမ်တိုင်ရာရောက် တပ်ဆင်ပေးခဲ့သည့်အတွက် သောက်ရေသုံးရေ၊ ကျွဲ၊ နွား ရေတို့ ဖူလုံခဲ့ကြောင်း၊ ထို့အပြင် ပိုလျှံသည့်ရေများကို မြေသား ရေလှောင်ကန်မှ တစ်ဆင့် စိုက်ပျိုးရေအဖြစ် ၂၀၀၉ခုနှစ်က မိုးစပါး ၂၅ဧက၊ နွေစပါး ဧက၂၀ကို ရေသွင်းစိုက်ပျိုးခဲ့ကြောင်း၊ ငွေချည် (၆) ဝါနှင့် မိုးနှမ်း အောင်ရေအတွက်ကိုလည်း ဒီရေလျှံတွင်းမှ အကျိုးပြုပေးခဲ့ကြောင်း” ဖြင့် ပြောပြသည်။

တော်လှကျေးရွာထဲရှိ ရေတိုင်များ သွယ်တန်း အသုံးပြုမှုကို ကြည့်ရှုခဲ့ရာ အဘဦးသာထွန်း (၇၄)နှစ်က “ဒီရေလျှံတွင်း မတူးမီက အဘတို့ရွာအတွက် သောက်သုံးရေကို ရွာနဲ့ တစ်မိုင်ကျော် ဝေးတဲ့ ကံသာရေတွင်းမှ ကံသာရွာ၊ နဘဲလှရွာ၊ ချောင်နက်ရွာ၊ တော်လှရွာတို့က လူအားလုံး သွားခပ်ခဲ့ရတယ်။ ရေတစ်အိုး၊ တစ်ထမ်းရဖို့အတွက် အိပ်ရေးပျက်ခံပြီး ညဉ့်နက်သန်းခေါင်အထိ အလုပ်ကြီး တစ်ခုလို အချိန်ကုန်ခံပြီး လုပ်ခဲ့ရတာပေါ့။ ဘယ်တော့များမှ ရေအတွက် စိတ်အေးရမလဲလို့ မျှော်လင့်ခဲ့ရတာ။ အခုမှ လိုအင်ဆန္ဒတွေ ပြည့်ဝခဲ့ရတယ်။ ရေအလှူရှင် ဦးကြိုင်စန်းရွှေနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းစိန် မိသားစုရဲ့ ကျေးဇူးကြောင့် အပင်ပန်းခံပြီး ရေခပ်ရတဲ့ဒုက္ခတွေ ချုပ်ငြိမ်းခဲ့ရတယ်။ ကျေးဇူးကြီးပါပေ့မောင်ရာ”ဟု ဝမ်းသာမှုအပြည့်ဖြင့် ပြောပြသည်။

ဖြည့်ဆည်းပေး

ယခုဆိုလျှင် အရာတော်မြို့နယ်ရှိ လိန်လှ၊ အိုင်လျား၊ ရွှေတွင်းကုန်း၊ ပါရမီ၊ ရွာသစ်၊ ဥဿချစ်ကြီးစသည့် တူးဖော်ပြီး ရေလျှံတွင်းများမှလည်း ရေထွက်အားမလျော့ဘဲ မူလကဲ့သို့ ရေထွက်အားကောင်းကြောင်း ကြားသိခဲ့ရသည်။ တစ်ချိန်က အညာဒေသ သောက်သုံးရေ ရှားပါးမှုနှင့် စိုက်ပျိုးရေအတွက် မိုးရေကိုသာအားထားစိုက်ခဲ့ကြရာမှ ယနေ့ဆိုလျှင် ဆည်၊ တမံများ၊ မြစ်ရေတင်လုပ်ငန်းများနှင့် ရေလျှံတွင်းများကို နိုင်ငံတော်အစိုးရ၏ စီမံမှု၊ ပံ့ပိုးပေးမှု၊ ဒေသအာဏာပိုင်အဖွဲ့များ၏ ကူညီထောက်ပံ့မှု၊ အလှူရှင်များ၏လှူဒါန်းပေးမှုတို့ဖြင့် တူးဖော်ခဲ့ရာ ပညာမြေ၏ ရေလိုအပ်ချက်ကို ပြည့်စုံလုနီးပါး ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ဝမ်းသာပီတိ

အရာတော်မြို့နယ်မှ ရေလျှံတွင်းများ အကျိုးဖြစ်ထွန်း အောင်မြင်နေမှုကို လေ့လာပြီး အပြန်တွင် ဒေသခံပြည်သူများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းသာပီတိဖြစ်ရပါသည်။ ပူပြင်းခြောက်သွေ့သော အညာမြေ၏ သဘာဝကို ရေလျှံတွင်းများဖြင့် အလှဆင်ခဲ့ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အရာတော်မြို့နယ် တောင်မွှာကျေးရွာနှင့် တော်လှကျေးရွာတို့၌ ရေလျှံတွင်းများမှ ရေများထွက်ရှိနေမှုကို ဤသို့ တွေ့ခဲ့ရသည်။

6-4 (07).pmd 1 4/6/2010, 2:03 AM

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် ဖြစ်ပေါ်လ
ရည်မှန်းပြီး လိုအပ်တဲ့အခြေခံအဆောက်အအုံတွေကို တည်ဆောက်ခဲ့တ
နိုင်ငံတော်ရဲ့စွမ်းအားသုံးရပ် မြင့်မားလာအောင် ဆောင်ရွက်ခြင်းဖြ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဗိုလ်လောင်းတပ်ခွဲများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရဲဘော်တို့ဟာ **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိများဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်**ဆိုတဲ့ သင်တန်းရဲ့ရည်ရွယ်ချက်နဲ့အညီ လေ့ကျင့်သင်ကြားမှုပြီးဆုံးပြီဖြစ်တဲ့အတွက် တပ်မတော်မှာ ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းခံကြရတော့မှာ ဖြစ်တယ်။

ရဲဘော်တို့ -

ပြန်တမ်းဝင်အရာရှိအဖြစ်ကို ခန့်အပ်လို့ရသော်လည်း ခေါင်းဆောင်ဘဝကို ရရှိဖို့ကတော့ မိမိကိုယ် မိမိ တည်ဆောက်ယူကြရမှာ ဖြစ်တယ်။ ခေါင်းဆောင်ဆိုတာဟာ ရည်မှန်းချက်တာဝန်အရပ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့အတွက် သာမန်ထက်သာလွန်တဲ့ အရည်အချင်းကို ပြသနိုင်ရမှာ ဖြစ်တယ်။ ထို့အတူပဲ ကိုယ့်ရဲ့လက်အောက်ငယ်သားတွေရဲ့ အားထားမှုကို ရရှိသူဖြစ်ရမယ်။ ဒါမှသာ လက်အောက်ခံတပ်ဖွဲ့ဝင်တွေရဲ့ စုပေါင်းစွမ်းရည်ကို မိမိရဲ့အရည်အချင်းနဲ့ ပေါင်းစပ်ပြီး အောင်ပွဲအလီလီ ခံယူနိုင်မှာဖြစ်တယ်။ စစ်ဘက်သဘာဝအရ အောင်ပွဲရတဲ့ ခေါင်းဆောင်ကိုမှလည်း လက်အောက်ခံတွေက ဒီခေါင်းဆောင်

နဲ့သာဆိုရင် ဘယ်လိုအခက်အခဲ အကျပ်အတည်းမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မှာပဲဆိုပြီး ယုံကြည်ကိုးစားကြမှာဖြစ်တယ်။

ဒါကြောင့် ခေါင်းဆောင်မှုကို အပြည့်အဝရဖို့အတွက် အခြေခံအားဖြင့် ခေါင်းဆောင်မှုအင်္ဂါ(၁၆)ရပ်နဲ့ ပြည့်စုံရမယ်။ ဒါ့အပြင် အတွေ့အကြုံ ရင့်ကျက်ဖို့လည်းလိုတယ်။ အတွေ့အကြုံဆိုတာ ဘဝနဲ့ရင်းရတဲ့ သင်ခန်းစာတွေဖြစ်တယ်။ ရဲဘော်တို့ဟာ သူတစ်ပါးရဲ့အတွေ့အကြုံကို လေ့လာကြရမှာဖြစ်သလို မိမိကိုယ်တွေ့များပြားအောင်လည်းတာဝန်မှန်သမျှကို လိုလိုလားလားရှာဖွေထမ်းဆောင်ကြရမယ်။ ထို့အတူပဲ စစ်ခေါင်းဆောင်ဆိုတာဟာ တပ်ကို ကောင်းအောင် တည်ဆောက်နိုင်စွမ်းရှိကြရမယ့်သူများဖြစ်ကြောင်းလည်း ပြောကြားလိုတယ်။

ရဲဘော်တို့-

တပ်ကောင်းဖို့အတွက် တပ်တိုင်း၊ ရဲဘော်တိုင်းဟာ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုတဲ့ အခြေခံအရည်အချင်း ငါးပါးနဲ့ ပြည့်စုံကြရမှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ကိုယ်တိုင်ကလည်း စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ခြင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားဝံ့ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ခြင်း စတဲ့အချက်တွေနဲ့ ပြည့်စုံပြီး စိတ်ဓာတ်မြင့်မြတ်ကြရမယ်။ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ရမယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် သစ္စာစောင့်သိရမယ့်အပြင် ရဲဘော်အချင်းချင်းအပေါ် မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှုတရားလည်း ရှိကြရမယ်။ မိမိရဲ့တပ်ဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ထားနိုင်ရမယ့်အပြင် ပြည်သူနဲ့ တစ်သားတည်းဖြစ်ရမယ်။



ထို့အတူပဲ မိမိကိုယ်တိုင်နဲ့ မိမိရဲ့တပ်ဖွဲ့ဝင်တွေကို စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နဲ့ အုပ်ချုပ်ရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံအောင် အစဉ်အမြဲ ဖြည့်ဆည်းလေ့ကျင့်နေကြရမယ်။ တပ်တိုင်း၊ ရဲဘော်တိုင်းဟာ အခြေခံအရည်အချင်းငါးပါးနဲ့ ပြည့်စုံနေမှသာ တပ်မတော်ရဲ့ အဓိကတာဝန်ကြီးတွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်တယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ကြီး(၃)ရပ်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်တွေပဲ ဖြစ်တယ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ ပတ်သက်လို့ပြောကြားရရင် ယနေ့ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းဟာ မိမိတို့ရဲ့ တပ်မတော်တွေကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်လျက်ရှိကြတယ်။ မျက်မှောက်ခေတ်မှာ သိပ္ပံနဲ့နည်းပညာဟာ တစ်ပြန်ပြီးတစ်ပြန် ဆန်းသစ်တိုးတက်လျက်ရှိနေတာကြောင့် စစ်ပညာမှာ ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ထောက်ပံ့ပို့ဆောင်ရေးစတဲ့ ပထဝီဆိုင်ရာ အကြောင်းအချက်တွေရဲ့ ဩဇာသက်ရောက်မှုဟာ လျှော့နည်းသွားပြီဖြစ်တယ်။ ဒါကြောင့် တိုးတက်လာတဲ့ နည်းပညာတွေနဲ့အပြိုင် စစ်အခြေခံသဘောတရားတွေကို ပြောင်းလဲကျင့်သုံးကြရမယ်။ ဒါကြောင့် နိုင်ငံတော်ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရမယ်ဆိုတဲ့ ကောက်ချက်ဟာ မလွဲမသွေ ဖော်ဆောင်ရမယ့် အချက်ဖြစ်လာတယ်။

ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်တဲ့နေရာမှာ လူသားအရင်းအမြစ်တွေကလည်း အရည်အချင်းမြင့်မားဖို့ ဧကန်လိုအပ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ခေတ်ရဲ့စိန်ခေါ်ချက်တွေကို ရင်ဆိုင်တွန်းလှန်နိုင်မယ့် ဗဟုသုတတွေနဲ့ ပြည့်စုံအောင် မိမိကိုယ်မိမိ အစဉ်ဖြည့်ဆည်းကြရမယ်။ ထို့အတူပဲ ဆင့်ကဲတက်ရောက်ကြရမယ့် သင်တန်းတွေမှာလည်း တက်တက်ကြွကြွနဲ့ ကြိုးစားကြဖို့မှာကြားလိုတယ်။

ရဲဘော်တို့-

လေ့ကျင့်ရေးတာဝန်နဲ့ပတ်သက်လို့ ဆက်လက်ပြောကြားရရင် စစ်ခေါင်းဆောင်ဆိုတာ အခြေခံအားဖြင့် လေ့ကျင့်ရေးမှူးကောင်းတစ်ယောက် ဖြစ်တယ်။ လေ့ကျင့်ရေးရဲ့ အဓိကရည်မှန်းချက်ဟာ အရည်အချင်းရှိတဲ့ အရေအတွက်တွေ ထုနဲ့ထည်နဲ့ တိုးပွားလာရေးဖြစ်တယ်။ **လေ့ကျင့်သားပြည့်ဝမှု**ဆိုတာ တပ်မတော်ရဲ့ **အားဆယ်ပါး**မှာ အပါအဝင်ဖြစ်တယ်။ ဒါကြောင့် လေ့ကျင့်ရေးနဲ့ ကင်းကွာတာနဲ့အမျှ တပ်ဟာ အားပျော့သွားလိမ့်မယ်။

တပ်ကို လေ့ကျင့်တဲ့နေရာမှာ ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ရေး၊ ပညာရပ်ပိုင်းဆိုင်ရာ လေ့ကျင့်ရေးနဲ့ စိတ်ဓာတ်ဆိုင်ရာ လေ့ကျင့်ရေးတို့ကို အချိုးညီညီ နည်းစနစ်မှန်မှန်နဲ့ အသားကျအောင် ဆောင်ရွက်ကြရမယ်။ ဒီလိုအမြဲတမ်း လေ့ကျင့်ပေးခြင်းဖြင့် တပ်ဟာ အမြဲတမ်း စစ်ရေးသတိရှိပြီး အမြဲတမ်း တိုက်ပွဲဝင်အသင့်လည်း ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် ခေတ်မီတပ်မတော်အဖြစ် လေ့ကျင့်ရေးနဲ့ တည်ဆောက်မှုကို အစဉ်မပြတ် ဆောင်ရွက်ကြရမှာဖြစ်တယ်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ရဲဘော်တို့-

ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်နဲ့ပတ်သ
ရရင် ဒို့တပ်မတော်သားတွေဆိုတာ မိဘပြည်သူတွေ
ဒို့ရဲ့မိဘတွေဟာ ဒို့ရဲ့ဇာတိရပ်မြေမှာ ရှိကြတယ်။ ဒ
တို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စော
ကြသူတွေ ဖြစ်တဲ့အတွက် ဇာတိမြေကို မပြန်နိုင်သေ
တွေ့ရှိတဲ့ ပြည်သူကို မိဘရင်းချာလို သဘော
ရမယ်။

ဒို့တပ်မတော်ဟာ ဖက်ဆစ်တော်လှန်ရေးကို
ကြားမှာ စိမ့်ဝင်တပ်ဖျော်ပြီး ပြည်သူနဲ့ တစ်သာ
ကိုယ်တည်းခိုတဲ့အိမ်ဟာ ကိုယ့်မိဘအိမ်ပဲလို့ သဘေ
အတွက် ပြည်သူတွေရဲ့စောင့်ရှောက်မှုကို ရရှိတဲ့အ
မှုကြောင့် ကမ္ဘာ့ညီမော်ကွန်းထိုးလောက်တဲ့ အော
တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မိဘကျေးဇူး
ရတနာများအဖြစ်ခံယူပြီး ပြည်သူ့အကျိုးပြုလုပ်ငန်း
ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှု
မျိုးချစ်တပ်မတော်ဖြစ်တယ်။ ရဲဘော်တွေဟာ လစ
ခဲ့ကြတယ်။ မြင့်မြတ်တဲ့စိတ်ထားနဲ့ စွန့်လွှတ်စွန့်
အဆင်းရဲခံနိုင်ပြီး ဖွဲလုံ့လဝီရိယ ရှိခဲ့ကြတယ်။ စည်
တယ်။ ထို့အတူပဲ အခက်အခဲဟူသမျှကို ရင်ဆိုင်ကေ
ရှိခဲ့ကြတယ်။ ဒါကြောင့်လည်း စွမ်းရည်ရှိတဲ့ တပ်
တာ ဖြစ်တယ်။

ဒါတွေဟာ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့
ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်
ကြရမယ့်သူတွေဖြစ်တယ်။ တပ်မတော်ရဲ့ အစဉ်အလ
သယ်ပိုးမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ တပ်မတော်သား
တိုက်တွန်းလိုက်ပါတယ်။

ရဲဘော်တို့-

နိုင်ငံတော်လွတ်လပ်ရေးကို ပြန်လည်ရရှိသ
တိုက်ပွဲဝင်ခဲ့ပြီးနောက် ရရှိပြီးဖြစ်တဲ့ လွတ်လပ်
ပြန်လည်ဆုံးရှုံးသွားခြင်း မရှိရအောင် စောင့်ရှော
တာဝန်ပဲဖြစ်တယ်။ ဒို့တစ်တွေဟာ လွတ်လပ်ရေးဝ

...င်တော်သစ် ဖြစ်ပေါ်လာရေးကို ...တွကို တည်ဆောက်ခဲ့တာဟာ ...င် ဆောင်ရွက်ခြင်းဖြစ်

ရဲဘော်တို့-

ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်နဲ့ပတ်သက်လို့ ဆက်လက်ပြောကြားရရင် ဒို့တပ်မတော်သားတွေဆိုတာ မိဘပြည်သူတွေရဲ့ ရင်သွေးတွေပဲဖြစ်တယ်။ ဒို့ရဲ့မိဘတွေဟာ ဒို့ရဲ့ဇာတိရပ်မြေမှာ ရှိကြတယ်။ ဒို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ပြုထားကြသူတွေ ဖြစ်တဲ့အတွက် ဇာတိမြေကို မပြန်နိုင်သော်လည်း ရောက်ရာအရပ်မှာ

တွေ့ရှိတဲ့ ပြည်သူကို မိဘရင်းချာလို သဘောထားပြီး လုပ်ကျွေးပြုစုကြရမယ်။

ဒို့တပ်မတော်ဟာ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲစဉ်အခါက ပြည်သူကြားမှာ စိမ့်ဝင်တပ်ဖျောက်ပြီး ပြည်သူနဲ့ တစ်သားတည်း နေထိုင်ခဲ့ကြရတယ်။ ကိုယ်တည်းခိုတဲ့အိမ်ဟာ ကိုယ့်မိဘအိမ်ပဲလို့ သဘောပိုက်ပြီး လုပ်ကျွေးပြုစုခဲ့တဲ့အတွက် ပြည်သူတွေရဲ့စောင့်ရှောက်မှုကို ရရှိတဲ့အပြင် ပြည်သူရဲ့ပူးပေါင်းပါဝင်မှုကြောင့် ကမ္ဘာ့သမိုင်းမော်ကွန်းထိုးလောက်တဲ့ အောင်ပွဲကြီးတွေ ရခဲ့ကြတာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ မိဘကျေးဇူးကိုသိတတ်တဲ့ သားကောင်းရတနာများအဖြစ်ခံယူပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို အားတက်သရော ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက ပေါက်ဖွားလာခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ရဲဘော်တွေဟာ လစာရိက္ခာ ဘာမှမရဘဲ ရပ်တည်ခဲ့ကြတယ်။ မြင့်မြတ်တဲ့စိတ်ထားနဲ့ စွန့်လွှတ်စွန့်စားခဲ့ကြတယ်။ အပင်ပန်းအဆင်းရဲခံနိုင်ပြီး ဖွဲလုံ့လဝီရိယ ရှိခဲ့ကြတယ်။ စည်းကမ်းလည်း ကောင်းမွန်ခဲ့ကြတယ်။ ထို့အတူပဲ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ ရဲစွမ်းသတ္တိမျိုး ရှိခဲ့ကြတယ်။ ဒါကြောင့်လည်း စွမ်းရည်ရှိတဲ့ တပ်မတော်အဖြစ် ရပ်တည်နိုင်ခဲ့တာ ဖြစ်တယ်။

ဒါတွေဟာ တပ်မတော်ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေ ဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို လက်ဆင့်ကမ်း သယ်ပိုးကြရမယ့်သူတွေဖြစ်တယ်။ တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်သယ်ပိုးမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ တပ်မတော်သားကောင်းဘဝကို ခံယူသွားကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ရဲဘော်တို့-

နိုင်ငံတော်လွတ်လပ်ရေးကို ပြန်လည်ရရှိသည်အထိ ပြည်သူနဲ့ လက်တွဲတိုက်ပွဲဝင်ခဲ့ပြီးနောက် ရရှိပြီးဖြစ်တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးသွားခြင်း မရှိရအောင် စောင့်ရှောက်ရေးဟာ ဒို့တပ်မတော်ရဲ့ တာဝန်ပဲဖြစ်တယ်။ ဒို့တစ်တွေဟာ လွတ်လပ်ရေးတိုက်ပွဲမှာ ကျဆုံးသွားခဲ့ကြတဲ့

ရဟန်းရှင်လူ ပြည်သူအပေါင်းနဲ့ တပ်မတော်သားတွေရဲ့ သစ္စာကို စောင့်သိကြရမှာ ဖြစ်တယ်။ ဒါကြောင့် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့် အန္တရာယ်မှန်သမျှ ဒို့တပ်မတော်က တွန်းလှန်ရမှာပဲ ဖြစ်တယ်။

အချို့နိုင်ငံကြီးတွေဟာ နိုင်ငံငယ်တွေရဲ့ အချုပ်အခြာအာဏာကို နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ သံတမန်ရေးနည်းလမ်းတွေနဲ့ ထိုးနှက်ပြီး ယင်းတို့ စိတ်တိုင်းကျမဖြစ်ရင် စစ်ရေးနည်းနဲ့ပါ ကျူးကျော်တိုက်ခိုက်တတ်ကြတာကို ယနေ့ကမ္ဘာပေါ်မှာ တွေ့မြင်ကြရမှာ ဖြစ်တယ်။ ဒို့နိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခါနီးကာလမှာ နယ်ချဲ့လိုသူတွေက အင်အားချည့်နဲ့တဲ့ ဒို့နိုင်ငံအပေါ် **ဝံပုလွေနဲ့ သိုးငယ်ပမာ** အပြစ်ရှာခဲ့တာကို သင်ခန်းစာယူကြရမှာဖြစ်တယ်။

ဒါကြောင့် ဒို့ရဲ့အချုပ်အခြာအာဏာကို ထိန်းသိမ်းလိုရင် ဒို့နိုင်ငံရဲ့နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကို တည်ဆောက်ကြရမယ်။ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်ကို ယူခဲ့ရစဉ်အတွင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးကို ရည်မှန်းပြီး လိုအပ်တဲ့အခြေခံအဆောက်အအုံတွေကို တည်ဆောက်ခဲ့တာဟာ နိုင်ငံတော်ရဲ့ စွမ်းအားသုံးရပ် မြင့်မားလာအောင် ဆောင်ရွက်ခြင်းပဲဖြစ်တယ်။

ရဲဘော်တို့-

တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကို ယူရတဲ့အချိန်မှာ တစ်ဖက်က နိုင်ငံတော်ကို တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေနဲ့ တည်ဆောက်ခဲ့သလို တစ်ဖက်ကလည်း နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးတဲ့ နိုင်ငံရေးစနစ်နဲ့ ဈေးကွက်ကို အခြေခံတဲ့ စီးပွားရေးစနစ်တွေ ပြောင်းလဲကျင့်သုံးနိုင်အောင် ကြိုးပမ်းခဲ့ရတယ်။

မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ စတုတ္ထအဆင့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပစဉ်က ဆန္ဒခံယူပွဲမှာ ပြည်သူတွေက မဲမပေးအောင် ဒါမှမဟုတ် မဲပေးရင် ကန့်ကွက်မဲပေးအောင် စသဖြင့် ပျက်စီးရာပျက်စီးကြောင်းကို ပြည်တွင်းပြည်ပ တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ကြိုးပမ်းခဲ့ကြတာတွေရှိတယ်။ ဒါပေမယ့် ပြည်သူ၊ အစိုးရနဲ့တပ်မတော်ရဲ့ စည်းလုံးမှုအင်အားကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတွေက တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြတယ်။

ထို့အတူပဲ ယခုနှစ်အတွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်ဖို့ ရွေးကောက်ပွဲတွေကို ကျင်းပသွားမှာဖြစ်တယ်။ ဒီနှစ်ကျင်းပမယ့် ရွေးကောက်ပွဲတွေကိုလည်း ပြည်သူ၊ အစိုးရနဲ့ တပ်မတော်တို့ လက်တွဲညီညီနဲ့ အောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ပြည်ပအကူအညီနဲ့ ဝင်လာနိုင်တဲ့ ဖျက်လိုဖျက်ဆီးအန္တရာယ်တွေကို သတိရှိကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့-

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်-

- တပ်မတော်သားကောင်းဘဝကို ခံယူပြီး ထက်မြက်တဲ့ ခေါင်းဆောင်ဖြစ်အောင် ကြိုးပမ်းကြပါ။
- တပ်မတော်ရဲ့ အဓိကတာဝန်ကြီး (၃)ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါ။
- တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်သွားကြပါ။
- လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့် အန္တရာယ်မှန်သမျှကို သတိရှိရှိနဲ့ တွန်းလှန်ကြပါ။
- တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို လက်ဆင့်ကမ်း သယ်ပိုးကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၅

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၁၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "သီရိမင်္ဂလာ ကုန်စိမ်း ဈေးကို လှိုင်မြို့နယ်သို့ ရွှေ့တော့မည်၊ ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများ ၂၄ နာရီအတွင်းရရှိရန် ဆောင်ရွက်ပေးမည်။ အရှေ့အလယ်ပိုင်းနိုင်ငံများက မြန်မာဟိုတယ်ဝန်ထမ်း ၂၀၀၀ ကျော်ခေါ်မည်၊ ရှေးဟောင်းအဆောက်အအုံများကို ပုံစံမပျက်ခိုင်ခံ့အောင် ပြန်လည်ပြုပြင်မည်၊ ဒေါ်လာ သန်း ၈၀၀၀ကျော် ကုန်ကျမည့် အရှေ့တောင်အာရှ၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းကို တရုတ်ကုမ္ပဏီသုံးခုက သံလွင်မြစ်ဖြတ်၍တည်ဆောက်မည်၊ သင်္ဘောအစင်း ၄၀၀ နီးပါး အာမခံထားရန်စီစဉ်၊ စက်သုံးဆီလုပ်ငန်းရှင်များက နိုင်ငံတကာစံချိန်မီ ဂါလန်တစ်သန်းဆံ့ သိုလှောင်ကန်ကြီးများ တည်ဆောက်မည်၊ ဒေါ်လာသန်း ၁၅၀ ကျော်ကုန်ကျမည့် အိန္ဒိယ-မြန်မာ အမြန်လမ်းမကြီးကို နှစ်နှစ်အတွင်း အပြီးဖောက်လုပ်မည်၊ ဥရောပရှိ ဖိမ်ခံသင်္ဘောလိုင်းများက မြန်မာသင်္ဘောသား ဟိုတယ်ဝန်ထမ်း ၃၀၀ ခန့် ခေါ်မည်၊ ဟိုချီမင်းမြို့နှင့် ရန်ကုန်မြို့ တိုက်ရိုက်လေကြောင်း ပျံသန်းမည်၊ အင်တာနက်ကြည့်တတ်ရုံဖြင့် ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဖန်တီးနိုင်မည်၊ အင်းလျားကန်မှရေကို ကန်တော်ကြီးသို့ ကြိုတင်ရေဖြည့်ပိုက်ဖြင့် စတင်ရေဖြည့်၊ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်၊ သင်္ကြန်ပွဲတော်ကို မှတ်တမ်းတင်ရန် ဗီယက်နမ်သတင်းစာအဖွဲ့ လာမည်၊ မဒမ်တူးဆော့တွင် ကမ္ဘာကျော်များနှင့် အမှတ်တရ၊ ရွှံ့နှင့် ကျောက်တုံးများပြိုကျပြီး ရွာတစ်ရွာလုံး ပျောက်ကွယ်သွား၊ ဘန်ကောက်ရှိ စားသောက်ဆိုင်၌ စက်ရုပ်စားပွဲထိုးများ အသုံးပြုနေ၊ သေမင်းလက်မှ (၁၁၄) ကြိမ်တိုင် လွတ်မြောက်ခဲ့သူ၊ ခန္ဓာကိုယ်အောက်ပိုင်း တစ်ခုလုံးမရှိသူ လက်တစ်ဖက်တည်းဖြင့် မတ်တတ်ရပ်ပြ၊ အင်္ဂလန်နိုင်ငံ၏ တစ်ဝက်ခန့်ရှိ ရေအိုင်ကြီး ၉၀ ရာခိုင်နှုန်း ခန်းခြောက်သွားခဲ့.... စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ သင်္ကြန်အထူးရထား အစုန်/အဆန်နှစ်စင်း ပြေးဆွဲမည့်အစီအစဉ် ကြိုတင်အသိပေးကြေညာ

နေပြည်တော် ဧပြီ ၅

မြန်မာ့မီးရထားက သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားနှစ်စင်း ပြေးဆွဲပေးမည်ဖြစ်သည်။

အဆိုပါ သင်္ကြန်အထူးရထားများကို ဧပြီ ၅ ရက် နံနက် ၄ နာရီတွင် မန္တလေးဘူတာမှထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ထိုနေ့ ညနေ ၆နာရီ ၁၀မိနစ်တွင်ရောက်ရှိမည်ဖြစ်သည်။ ဧပြီ ၆ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ နံနက်၄နာရီခွဲတွင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ထိုနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် မန္တလေးဘူတာမှ နံနက်၄နာရီတွင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ထိုနေ့ညနေ ၆နာရီ ၁၀ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အဆိုပါအထူးရထားနှစ်စင်းသည် ဧပြီ ၇ ရက်တွင် ရန်ကုန်-မန္တလေး အစုန်/အဆန်ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း နေပြည်တော်မှဝန်ထမ်းများနှင့်မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လက်ရှိနေပြည်တော်-ရန်ကုန် ပြေးဆွဲနေသော အမှတ်(၃၂) အစုန်၊ အမှတ်(၈)အစုန် အမြန်ရထားနှစ်စင်းအပြင် အဆိုပါအထူးရထားနှစ်စင်းကို ဧပြီ ၉ ရက်မှ ၁၁ရက်အထိ နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ နံနက် ၆နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၃နာရီမိနစ် ၅၀ တွင်ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ နံနက် ၇ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်သည်။

ဧပြီ ၁၂ ရက်တွင် အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ဧပြီ ၁၇ ရက်တွင် အထူးရထား(၁)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း၊ အထူးရထား(၂)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ဧပြီ ၁၈ ရက်တွင် အထူးရထား(၂)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း၊ အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့လည်းကောင်း၊ ဧပြီ ၁၉ ရက်တွင် အထူးရထား(၁)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း အထက်ဖော်ပြပါ ရန်ကုန်နှင့်မန္တလေးမှ ထွက်ခွာမည့်အချိန်များအတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

အလားတူ နေပြည်တော်မှဝန်ထမ်းများနှင့်မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်-နေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိအမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအပြင် နောက်ထပ်အထူးရထား(၂)စင်းကို ဧပြီ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပြေးဆွဲမည်ဖြစ်ရာ အဆန်အထူးရထား(၁)သည် ရန်ကုန်မှ နံနက်၁၀နာရီတွင်ထွက်ခွာ၍ နေပြည်တော်သို့ ည၇နာရီ မိနစ်၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အဆန်အထူးရထား(၂)သည် ရန်ကုန်မှ နံနက် ၁၀နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်သို့ ည ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ ရန်ကုန်-မန္တလေးသင်္ကြန် အထူး(အစုန်/အဆန်) ရထားများကို ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာများနှင့် နေပြည်တော်-ရန်ကုန် အထူး(အစုန်/အဆန်)ရထားများကို တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများတွင်သာ ရပ်တန့်သွားမည်ဖြစ်ပြီး ဧပြီ ၁၄ ရက်မှ ဧပြီ ၁၆ ရက်အထိ သင်္ကြန်ကာလတွင် ပြေးဆွဲခြင်းရပ်နားထားမည်ဖြစ်ရာ ခရီးသွားပြည်သူများ အချိန်မီသိရှိစေရန် မြန်မာ့မီးရထားက ကြိုတင်အသိပေးကြေညာထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလယ်ပိုင်းဒေသများ၌ နေ့အပူချိန်တိုးလာ

နေပြည်တော် ဧပြီ ၅

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ၊ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ဝဒသမ၃၉လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၃၆ လက်မနှင့် မြိတ်မြို့တွင် ဝဒသမဝ၈ လက်မတို့ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>ဧပြီ ၆ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန် ၅-၄-၂၀၁၀

➢	ချောက်မြို့	၄၅	ဒီဂရီစင်တီဂရိတ်
➢	မုံရွာမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢	မြင်းခြံမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢	ညောင်ဦးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢	မကွေးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢	မင်းဘူးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
➢	နေပြည်တော်ပျဉ်းမနား	၄၃	ဒီဂရီစင်တီဂရိတ်
➢	မန္တလေးမြို့	၄၃	ဒီဂရီစင်တီဂရိတ်
➢	ရမည်းသင်းမြို့	၄၃	ဒီဂရီစင်တီဂရိတ်
➢	အောင်လံမြို့	၄၃	ဒီဂရီစင်တီဂရိတ်
➢	ပခုက္ကူမြို့	၄၃	ဒီဂရီစင်တီဂရိတ်

မြဝတီရုပ်မြင်သံကြား

၆-၄-၂၀၁၀
(အင်္ဂါနေ့)

<u>နံနက်ပိုင်း</u>

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	မေတ္တာပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

<u>ညပိုင်း</u>

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅	၅။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၂၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၆)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ ချန်ပီယံ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၂၅)

မြန်မာနိုင်ငံတွင် ပိုလီယိုအကြောသေရောဂါ ပြန်လည်ကင်းစင်ရေးအတွက် ဆောင်ရွက်မည့် (၂၀၁၀)ခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ

ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသန်းပေါင်းများစွာတို့ဟာ ကူးစက်ရောဂါများ ခံစားနေကြရပြီး ပိုလီယိုအကြောသေရောဂါ ဖြစ်ပွားမှုကြောင့်လည်း ခြေလက် မသန်မစွမ်းဖြစ်ပြီး ဒုက္ခိတဘဝရောက်ရခြင်း စတဲ့နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ မဖြစ်ပွားအောင် စီမံချက်များချမှတ်ပြီး ရင်သွေးငယ်တွေကို ဒုက္ခိတဘဝ ရောက်စေတဲ့ ပိုလီယိုအကြောသေရောဂါဆိုးကြီးကိုလည်း လုံးဝပပျောက် အောင် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၇၈ ခုနှစ်မှစတင်၍ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကို ကာကွယ်ရန်အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ပေါ်ပေါက်လာခဲ့ပါတယ်။

ပထမပိုင်းတွင် ရောဂါလေးမျိုးဖြစ်တဲ့ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် တီဘီရောဂါတို့အတွက် ကာကွယ်ဆေးများသာ ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ယခု အခါမှာ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်ရောဂါနှင့် အသည်းရောင် အသားဝါ(ဘီ)ကာကွယ်ဆေး ကာကွယ်ဆေးများကို ထပ်မံထည့်သွင်းပြီး ကလေးငယ်များကို ရောဂါခုနစ်မျိုး မဖြစ်ပွားစေရန် အစွမ်းထက်မြက်သော ကာကွယ်ဆေးများဖြင့် ကာကွယ်မှုပေးလျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် နိုင်ငံအတွင်းမှာရှိတဲ့ ငါးနှစ်အောက် ကလေးများ သေဆုံးမှုများအနက် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုကို လျှော့ချနိုင်ခဲ့ပါတယ်။ အထက်ပါ ရောဂါ ခုနစ်မျိုးထဲမှ ပိုလီယိုအကြောသေရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ အကြောင်းကို တင်ပြလိုပါတယ်။

၁၉၈၈ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံ ကြီးတွင် အဖွဲ့ဝင် ၁၆၆နိုင်ငံက စုပေါင်းချမှတ်ခဲ့သော ဆုံးဖြတ်ချက်အရ ပိုလီယိုရောဂါကို ကမ္ဘာပေါ်မှ ကင်းစင်ပပျောက်အောင် ဆောင်ရွက်ရမှာဖြစ်ပါ တယ်။ ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါကင်းစင်ကြောင်း ကြေညာနိုင်ရန် အတွက် ပိုလီယိုအရိုင်းပိုး တွေ့ရှိမည့်သူ တစ်ဦးတစ်ယောက်မျှ ကမ္ဘာပေါ်တွင် မကျန်ရှိအောင် ကူးစက်မှုကိုဖြတ်တောက်နိုင်မှသာ ကြေညာနိုင်မှာဖြစ်ပါတယ်။

ထိုသို့ အနှစ်၂၀ကျော် ဆောင်ရွက်ခဲ့မှုကြောင့် ၁၉၈၈ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ ပိုလီယိုရောဂါဖြစ်ပွားသော နိုင်ငံပေါင်း၁၂၅နိုင်ငံ၊ ပိုလီယို ရောဂါဖြစ်ပွားသူပေါင်း ၃၅၀၀၀၀ ရှိခဲ့သော်လည်း ၂၀၀၉ခုနှစ်တွင် နိုင်ငံ ပေါင်း ၂၃နိုင်ငံ၌ ပိုလီယိုရောဂါ ဖြစ်ပွားသူဦးရေ ၁၆၀၄ဦးသာ ရှိပါတော့ တယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံမှာလည်း အိမ်နီးချင်း နိုင်ငံများနှင့် လက်တွဲပူးပေါင်းပြီး ပိုလီယိုရောဂါ တိုက်ဖျက်ရေးကို ဆောင်ရွက် လျက်ရှိပါတယ်။ ၁၉၉၆ခုနှစ်ကစပြီး အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ရှစ်ကြိမ်ကို နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်စေရေး အတွက် တစ်မျိုးသားလုံး အတိုင်းအတာနဲ့ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ပိုလီယိုရောဂါအရိုင်းပိုးတွေ့လူနာကို နောက်ဆုံးတွေ့ရှိခဲ့ပြီး ၂၀၀၃ခုနှစ်တွင် ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် အသိအမှတ်ပြု ခံခဲ့ရပါတယ်။

ဒါပေမယ့် ၂၀၀၆ခုနှစ် မေလတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးတွေ့ရှိသူ ကလေး တစ်ဦးကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင် မောင်တောမြို့နယ်များတွင် ပိုလီယိုအရိုင်းပိုးတွေ့ရှိသူကလေး ၁၁ဦးကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်အတွင်းမှာပင် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးများကို ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ဖြူးမြို့နယ်နှင့် မွန်ပြည် နယ် ချောင်းဆုံမြို့နယ်တို့မှ ကလေးများတွင်လည်းကောင်း တွေ့ရှိခဲ့ရပါတယ်။

ဒီလို ပိုလီယိုအရိုင်းပိုး မြန်မာနိုင်ငံမှာပြန်လည်တွေ့ရှိရတာဟာ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့လို့ ဖြစ်ပါတယ်။ မြန်မာ နိုင်ငံလိုပဲ ပိုလီယိုအရိုင်းပိုး ပြန်လည်ဝင်ရောက်ခံခဲ့ရသော နိုင်ငံများကတော့ ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ပါတယ်။

ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးများကို တွေ့ရှိခြင်းဟာ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံမှု အားနည်းခြင်းကို ဖော်ပြနေပါတယ်။ ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံမှု အားကောင်းမယ် ဆိုရင် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ပြန်လည်ဝင်ရောက်ခြင်းကို ကာကွယ်နိုင်မှာဖြစ်ပြီး ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယို ရောဂါပိုးများကိုလည်း တွေ့ရှိရမှာမဟုတ်ပါဘူး။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပိုလီယိုရောဂါ အရိုင်းပိုးကူးစက်ပြန့်ပွားခဲ့ ခြင်း၊ ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုပိုးများ ပြန့်ပွားနေခြင်း တို့ကို ရပ်တန့်သွားစေရန်နှင့် ပိုလီယိုအကြောသေရောဂါ ကင်းစင်သော အခြေ အနေကို ပြန်လည်ထိန်းသိမ်းရရှိနိုင်စေရန် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ငါးနှစ် အောက်ကလေးငယ်များအားလုံးကို ၂၀၀၇ခုနှစ်နှင့်၂၀၀၉ခုနှစ်တွေမှာ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များထပ်မံကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးနိုင် ရန်ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကိုဆောင်ရွက်ခဲ့ရာ တွင်၂၀၀၇ခုနှစ် နိုဝင်ဘာလ ပထမအကြိမ်၌ လွှမ်းခြုံမှု(၉၈ဒသမ၁၃)ရာခိုင်နှုန်း၊ ဒီဇင်ဘာလ ဒုတိယအကြိမ်၌လွှမ်းခြုံမှု(၉၇ဒသမ၈၃)ရာခိုင်နှုန်းရရှိခဲ့ပြီး၂၀၀၉ခုနှစ် ဇန်နဝါရီလ ပထမအကြိမ်၌ လွှမ်းခြုံမှု(၉၉ဒသမ၉၉)ရာခိုင်နှုန်း၊ ဖေဖော်ဝါရီလ ဒုတိယအကြိမ်၌ လွှမ်းခြုံမှု(၉၉ဒသမ၉၂)ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

ထိုသို့ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခဲ့ပြီး ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းတွေကို ဖိဖိစီးစီးဆောင်ရွက်ခဲ့ သည့်အတွက် လက်ရှိမြန်မာနိုင်ငံမှာ နောက်ဆုံးပိုလီယိုအရိုင်းပိုးတွေ့လူနာကို ၃၁-၅-၂၀၀၇ရက်တွင်လည်းကောင်း၊ ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်း သော ပိုလီယိုရောဂါပိုးကို ၆-၁၂-၂၀၀၇ရက်တွင်လည်းကောင်း၊ တွေ့ရှိပြီး နောက်ပိုင်းယနေ့အချိန်အထိ ထပ်မံမတွေ့ရှိရကြောင်းသိရပါတယ်။ မြန်မာနိုင်ငံ တွင် ပိုလီယိုရောဂါပိုးကင်းစင်မှု အခြေအနေ(Polio free status)ကို ပြန်လည် ရရှိကြောင်းကြေညာနိုင်ရန်အတွက် နောက်ဆုံးပိုလီယိုရောဂါပိုးတွေ့ရှိပြီး သုံးနှစ် ဆက်တိုက် ပိုလီယိုရောဂါပိုးကို ထပ်မံ မတွေ့ရှိဖို့ လိုပါတယ်။ ထို့ကြောင့် ချောင်းဆုံမြို့နယ်တွင် နောက်ဆုံးပိုလီယိုရောဂါပိုးတွေ့ရှိခဲ့သည့် ၆-၁၂-၂၀၀၇ ရက်မှစတင်ပြီး သုံးနှစ်ပြည့်မည့် ၆-၁၂-၂၀၁၀ရက်၌ မြန်မာနိုင်ငံတွင် ပိုလီယို ရောဂါပိုးကင်းစင်မှုအခြေအနေ(Polio free status)ကို ပြန်လည်ရရှိ ကြေညာ နိုင်ရန် နောက်ထပ် ရှစ်လကျော်သာ လိုပါတော့တယ်။

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါပိုး ကင်းစင်မှုအခြေအနေ(Polio free status)ကို ပြန်လည်ရရှိကြေညာနိုင်ရန် နောက်ထပ် ရှစ်လကျော်သာ လိုတော့ သည့် ယနေ့အချိန်အခါတွင် ပိုလီယိုရောဂါအရိုင်းပိုးနှင့် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုပိုးများ ပြန့်ပွားနေခြင်းတို့ကို ရပ်တန့်သွားမှု သေချာ စေရန်နှင့် ပိုလီယိုအကြောသေရောဂါ ကင်းစင်သောအခြေအနေကို ပြန်လည် ထိန်းသိမ်းရရှိနိုင်စေရန်အတွက် ပိုလီယိုအရိုင်းပိုးကူးစက်မှု ဆက်လက်ရှိနေသော အိမ်နီးချင်းနိုင်ငံများနှင့် နီးစပ်နေသော ပြည်နယ်/တိုင်းများ၏ မြို့နယ်များ၊ ပိုလီယိုရောဂါအရိုင်းပိုးနှင့် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယို ပိုးများတွေ့ရှိခဲ့သော မြို့နယ်များ၊ ၄င်းမြို့နယ်များနှင့် နီးစပ်သည့် မြို့နယ်များနှင့် ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုအားနည်းသည့် မြို့နယ်များကို ရွေးချယ်၍ **ပြည်နယ်/တိုင်း ၁၁ခုရှိ မြို့နယ်ပေါင်း ၈၁မြို့နယ်**တွင် ငါးနှစ်အောက် ကလေးငယ်များအားလုံးကို ပိုလီယိုကာကွယ်ဆေးများ ထပ်မံတိုက်ကျွေးနိုင်ရန် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအနေဖြင့် ယခုနှစ် ဆက်လက်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

၂၀၁၀ခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပရေး လုပ်ငန်းစီမံချက်ကို နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ **ပထမအကြိမ်အနေဖြင့် ၂၀၁၀ခုနှစ် ဧပြီလ ၃ရက်နေ့မှ ၄ရက်နေ့အထိ လည်းကောင်း၊ ဒုတိယအကြိမ်အနေဖြင့် ၂၀၁၀ခုနှစ် မေလ ၁ရက်နေ့မှ ၂ရက် နေ့အထိလည်းကောင်း၊ မွေးကင်းစမှ ငါးနှစ်အောက် ကလေးပေါင်း ၂ဒသမ ၂၃သန်းခန့်အား** ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန် ရည်မှန်း ထားပြီးလွှမ်းခြုံမှု ရာနှုန်းပြည့်ရရှိရန်ဆောင်ရွက်သွားဖို့အလွန်အရေးကြီးပါတယ်။

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါပိုး ကင်းစင်မှု ရှိ/မရှိ သိရှိနိုင်ရန်အတွက် ၁၅နှစ်အောက် ကလေးတစ်သိန်းတွင် လတ်တလော ပျော့ခွေအကြောသေ ဖြစ်ပွားနေသူ အနည်းဆုံး နှစ်ယောက်တွေ့ရှိအောင် ရှာဖွေဖော်ထုတ်ပြီး ၄င်းလူနာ များမှ ဝမ်းနမူနာရယူ၍ ပိုလီယိုအကြောသေရောဂါ ဟုတ်/မဟုတ် စစ်ဆေး လျက်ရှိပါတယ်။ ဒါကြောင့် လတ်တလော ပျော့ခွေအကြောသေ ဖြစ်ပွားနေသူ တွေ့ရှိပါက ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သတင်းပေးပို့စေလိုပါတယ်။

ပိုလီယိုအကြောသေရောဂါဟာ ရောဂါပိုးရှိသူရဲ့ မစင်မှတစ်ဆင့် ကူးစက် ပျံ့နှံ့နိုင်ပါတယ်။ ရောဂါပိုးရှိနေသော လူနာ၏ မစင်မှတစ်ဆင့် အစားအစာနှင့် ရေများသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် အခြားလူတစ်ယောက်တွင် ရောဂါ ဖြစ်ပွားကူးစက်စေပါတယ်။ ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ယင်လုံ အိမ်သာ သုံးစွဲရေးနဲ့ လက်ဆေးကြောရေးတို့ဟာ ပိုလီယိုရောဂါကင်းစင်ရေး အတွက် အထောက်အကူဖြစ်စေပါတယ်။

အစွမ်းထက်မြက်သည့် ပိုလီယိုကာကွယ်ဆေး

ပါးစပ်မှ တိုက်ကျွေးနိုင်သော ပိုလီယိုကာကွယ်ဆေး အစက်ချဆေးရည် (Oral Polio Vaccine)ကို ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးတွင် သုံးရသည့် အကြောင်းအရင်း သုံးရပ်ရှိပါတယ်။

ဒေါက်တာသန်းထွန်းအောင်
(စီမံချက်မန်နေဂျာ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်)

(၁) OPV သည် ခန္ဓာကိုယ်ခုခံစွမ်းအားအပြင် အူများ၏ ခုခံစွမ်းအား ကိုပါ ဖြစ်ပေါ်စေသည့်အတွက် အူထဲတွင်ရောက်လာသည့် ပိုလီယို ဗိုင်းရပ်စ် အရိုင်းပိုးများကို ပွားများခွင့်မပေးတော့ဘဲ နောက်ကလေးများကို မစင်မှ တစ်ဆင့် ကူးစက်မှု ရပ်တန့်စေပါတယ်။

(၂) ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် တစ်နှစ်အောက် ကလေးများ အား အသက်တစ်လခွဲ၊ နှစ်လခွဲနှင့် သုံးလခွဲတွင် အနည်းဆုံး သုံးကြိမ် တိုက်ကျွေးပြီးပါက တစ်သက်တာလုံး ဒုက္ခိတဖြစ်စေမည့် ပိုလီယိုအကြောသေ ရောဂါကို လုံးဝမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

(၃) OPV ဆေးသည် အစွမ်းထက်မြက်သော ဆေးဖြစ်သည့်အပြင် တိုက်ကျွေးရန် လွယ်ကူပါတယ်။

ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ
(၂၀၁၀)ကျင်းပမည့် နေ့ရက်များ

(၂၀၁၀)ခုနှစ် ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ
- ၂၀၁၀ ခုနှစ် ဧပြီလ (၃)ရက် စနေနေ့(ပထမအကြိမ်)
- ၂၀၁၀ ခုနှစ် မေလ (၁)ရက် စနေနေ့(ဒုတိယအကြိမ်)

ပိုလီယိုကာကွယ်ဆေးများကို အရည်အသွေးကောင်းမွန်သော အအေး လမ်းကြောင်းစနစ်ဖြင့် ထိန်းသိမ်းသယ်ယူပြီး အရည်အသွေးပြည့်မီစွာ ဆေးတိုက်ကျွေးနိုင်ရေးအတွက် ပင်မကာကွယ်ဆေးတိုက် အဖွဲ့ပေါင်း ၅၀၀၀၊ ဆေးတိုက်မည့်သူပေါင်း ၁၅၀၀၀နှင့် အရန်အားဖြည့်အဖွဲ့များဖြင့် တစ်အိမ် တက်ဆင်း ကာကွယ်ဆေးတိုက်ကျွေးသွားမှာ ဖြစ်ပါတယ်။

(၂၀၁၀) ခုနှစ် ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် အထူး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ-

၁။ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေးတိုက်နေ့များကို ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များ၌ ကျင်းပသည့်အချိန်တွင် နယ်နိမိတ်ချင်းထိစပ် လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ၄င်းတို့၏အစီအစဉ်ဖြင့် ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးခြင်းကို တစ်ပြိုင်နက်တည်း ညှိနှိုင်းဆောင်ရွက်သွား မှာဖြစ်ပါတယ်။

၂။ ပြည်နယ်/တိုင်း(၁၁)ခုရှိ ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များတွင် မပါဝင်သော မြို့နယ်များနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းရှိ မြို့နယ်အားလုံးတို့တွင် ဒေသအလိုက် အမျိုးသားကာကွယ် ဆေးတိုက်နေ့များ ကျင်းပနေသောကာလ၌ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို တစ်ပြိုင်တည်း အားဖြည့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပိုလီယိုရောဂါပပျောက်ရေးရည်မှန်းချက် အောင်မြင်မှု ပန်းတိုင်ကို ပြန်လည်ထိန်းသိမ်းရောက်ရှိဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသား ရေးအသွင်ဖြင့် Whole Society Approach အဖြစ် ဆောင်ရွက်မှသာ ရရှိနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်က မိမိရင်သွေးငယ်တွေ ကျန်းမာဖို့အတွက် တိုက်ကျွေးပေးမယ့် ပိုလီယိုကာကွယ်ဆေးကို ကလေးတိုင်းသောက်သုံးခွင့်ရရှိစေဖို့ ဆောင်ရွက် ပေးနေသလို နိုင်ငံတော်ရဲ့ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ မိဘပြည်သူများ ကလည်း မိမိတို့ရင်သွေးငယ်တစ်ယောက်မကျန်ကို ပိုလီယိုကာကွယ်ဆေးတိုက် စုရပ်များသို့ ခေါ်ဆောင်လာပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြဖို့ အထူးတိုက်တွန်းလိုပါတယ်။ ယခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များတွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး ထပ်မံတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင် ခုခံ စွမ်းအားများမြင့်မားပြီး ပိုလီယိုအရိုင်းပိုးများနဲ့ ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးများကို ထိန်းချုပ်ဖြတ်တောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ မြန်မာနိုင်ငံကို ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ကမ္ဘာသို့ ပြန်လည်ကြေညာနိုင်မှာဖြစ်တဲ့အတွက် အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါတယ်။ ။

မသန်စွမ်းသူများ အပန်းဖြေခရီးထွက်မည်

ရန်ကုန် ဧပြီ ၅

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအား ဧပြီ ၁၉ရက်မှ ၂၁ ရက်အထိ ငွေဆောင်ကမ်းခြေရှိ ရွှေဟင်္သာ အဆင့်မီဟိုတယ်၌ တည်းခို၍ အပန်းဖြေ နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ငွေဆောင်ကမ်းခြေအပန်းဖြေ ခရီးစဉ်တွင် မသန်စွမ်းသူများနှင့် မသန်စွမ်းသူများကို ကျန်းမာရေးနှင့်လုံခြုံရေး ကူညီစောင့်ရှောက် ရန်အတွက် ဆရာဝန်များ၊ သူနာပြုများ နှင့်အကူများ စုစုပေါင်း ၆၀လိုက်ပါမည် ဖြစ်ပြီး ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ လီမိတက်မှ အဆင့်မီလေအိတ် အဲယား ကွန်းကားကြီးများဖြင့် သွားရောက်ကြမည် ဖြစ်သည်။

အဆိုပါ အပန်းဖြေခရီးစဉ်မှာ ကမ်းခြေသို့ သွားရောက်အပန်းဖြေရန်မတတ်နိုင်သော ငွေကြေးချို့တဲ့သည့် မသန်စွမ်းသူများကိုသာ အဓိကထား ခေါ်ဆောင်သွားမည်ဖြစ်ရာ လိုက်ပါလိုသော မသန်စွမ်းသူများနှင့် အလှူရှင်များသည် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)ရုံးခန်း အမှတ် ၇၉၇ အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်လမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၂၂၉၀၈၇၊ ၀၉-၅၁၀၃၇၂၅ နှင့် ၀၉-၅၀၄၂၆၂၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (၁၃၅)

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

နေပြည်တော် ဧပြီ ၅

ရမည်းသင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရမည်းသင်း)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် ခေါင်းဆောင်သောအဖွဲ့သည် ခရိုင်ရဲတပ်ဖွဲ့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်တရားရေး၊ မြို့နယ်မထသအဖွဲ့တို့နှင့် ပူးပေါင်း၍ မတ် ၂၆ရက်က ရမည်းသင်းမြို့အဝင် ယုဇနဂိတ်အနီး၌ ယာဉ်မတော်တဆမှု လျော့နည်း ပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ/မရှိ၊ ရှောင်ပြန်ပြားတပ်ဆင်ထားခြင်း ရှိ/မရှိနှင့် သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ မဆင်မခြင် အရှိန်ပြင်းစွာဖြင့် ကျော်တက်၊ မောင်းနှင်ခြင်းမပြုရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ကြရေး ပညာပေးဆောင်ရွက် ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ) (သတင်းစဉ်)

နေပြည်တော်ပတ်ဝန်းကျင် ပြည်သူများ အပန်းပြေစေမည့် အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်တော့မည်

အမေး/အရေး – မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း – သတင်းထောက်လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု – မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၅

နေ့စဉ်နှင့်အမျှ သွားလာလုပ်ကိုင်နေသော လူတို့အတွက် အပန်းဖြေစရာ လိုအပ်သည်။ စိတ်အပန်းဖြေရာတွင် ခရီးထွက်ခြင်း၊ အနားယူခြင်းတို့အပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း မရှိမဖြစ် လိုအပ်သည်။ ယခုအခါ နေပြည်တော်တွင် ပြည်သူများ စိတ်အပန်းပြေစေရန်အတွက် အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

“နေပြည်တော်မှာရှိတဲ့ ပြည်သူတွေ အပန်းပြေစေနိုင်ဖို့အတွက် ရည်ရွယ်တည်ဆောက်ထားတာပါ”
ဦးသာဌေး။

မေးမြန်း

နေပြည်တော် ဇမ္ဗူသီရိမြို့ သပြေကုန်းရပ်ကွက် ဇမ္ဗူသပြေလမ်း နေပြည်တော် ရေပန်းဥယျာဉ်အနီးတွင် တည်ဆောက်ထားပြီး မကြာမီ ဖွင့်လှစ်တော့မည့် အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံသို့ သတင်းအဖွဲ့ သွားရောက်ကာ သိလိုသည်များကို မေးမြန်းခဲ့သည်။

အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံ

အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံ၏ လှပဆန်းသစ်သော အဆောက်အအုံဒီဇိုင်းကလည်း ဤသို့ ဆွဲဆောင်မှုအပြည့်ဖြင့်....။

“အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံကို တည်ဆောက်ရတာကတော့ နေပြည်တော်မှာရှိတဲ့ ပြည်သူတွေ၊ နေပြည်တော်ကို အကြောင်းအမျိုးမျိုးကြောင့် လာရောက်ကြတဲ့ ပြည်သူတွေအတွက် အပန်းဖြေ အနားယူနိုင်ဖို့နဲ့ ဖျော်ဖြေနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ပြည်သူတွေ အဆင့်မြင့်မြင့် အပန်းဖြေကြည့်ရှုနိုင်ဖို့ စနစ်တကျတည်ဆောက်ထားခြင်းလည်းဖြစ်ပါတယ်”ဟု အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံကို တည်ဆောက်သည့် G 4 အုပ်စုကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးသာဌေးက ရှင်းပြသည်။

တည်ဆောက်

နေပြည်တော် ရေပန်းဥယျာဉ်ရှေ့ ကားလမ်းတစ်ဖက်တွင် တည်ဆောက်ထားသော အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံသည် အကျယ်အဝန်း ၁ဒသမ ၇၉ဧကရှိကာ ၂၀၀၉ခုနှစ် ဩဂုတ်လက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံဒီဇိုင်းကို မြန်မာဗိသုကာ အင်ဂျင်နီယာ ဦးစည်သူအဖွဲ့က ပုံစံထုတ်လုပ်ပေးထားခြင်းဖြစ်သည်။ အဆောက်အအုံ ဒီဇိုင်းပုံစံမှာ လှပသပ်ရပ်လွန်းလှသည်။

“ရုပ်ရှင်နဲ့ ပတ်သက်ပြီး ခေတ်မီ အသံပတ်လည်စနစ်ကို အသုံးပြုထားတာမို့ ရုပ်ရှင် သရုပ်ဆောင်တွေရဲ့ ပြောစကားကို ပြောတဲ့သူရှိတဲ့ဘက်က အသံထွက်ပေါ်စေမှာဖြစ်ပါတယ်။ ရုပ်နဲ့အသံထွက် ကောင်းမွန်အောင် အီတလီ၊ အမေရိကန်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတွေက ထုတ်လုပ်တဲ့ စက်တွေကို အသုံးပြုထားပါတယ်”ဟု ဦးသာဌေးက ဆက်လက်ရှင်းပြသည်။

လေအေးစက်

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ အဆောက်အအုံအတွင်း လေအေးစက် တပ်ထားသဖြင့် အေးမြလန်းဆန်းသော အထိအတွေ့ကို ခံစားရသည်။ အဆောက်အအုံတည်ဆောက်ထားမှုကလည်း သဘာဝ အလင်းရောင်ကို ဦးစားပေးရရှိအောင် တည်ဆောက်ထားသဖြင့် လုံလောက်သော အလင်းရောင်ကို ရရှိလျက်ရှိသည်။ ရုပ်ရှင်ပြသမည့် ခန်းမအတွင်း ဝင်ရောက်လေ့လာခဲ့ရာ ညီညာသပ်ရပ်စွာ ခင်းကျင်းထားသော ထိုင်ခုံများ၊ နီညိုရောင် ကန့်လန့်ကာဖုံးထားသည့် ရုပ်ရှင်ပိတ်ကား၊ ဆိုဖာ တပ်ဆင်ထားသော ထိုင်ခုံများကြောင့် မြင်ကွင်းအသစ်၊ ခံစားမှုအသစ်ကို ဖြစ်ပေါ်စေသည်။

“ဒီရုပ်ရှင်ခန်းမကတော့ ပရိသတ် ၃၀၀ ကြည့်ရှုနိုင်ပါတယ်။ ထိုင်ခုံတွေကို ပထမတန်းနဲ့ အထူးတန်းဆိုပြီး ခွဲထားပါတယ်။ ရုပ်ရှင်ရုံဖွင့်ပွဲပြီးရင်တော့ လောလောဆယ် တစ်နေ့သုံးပွဲ ပြသပေးသွားမယ်၊ နောက်ပိုင်းမှာ တစ်နေ့ကို ရုပ်ရှင် လေးပွဲအထိ ပြသသွားဖို့ စီစဉ်ထားပါတယ်။ နေပြည်တော်မှာရှိတဲ့ ပြည်သူတွေ အဆင်ပြေနိုင်မယ့်အချိန်ကို ရွေးချယ်ပြသသွားမှာပါ။ ဖွင့်ပွဲကျင်းပတဲ့နေ့မှာတော့ တစ်နေကုန် အခမဲ့ရုပ်ရှင်ပြသသွားမှာ ဖြစ်ပါတယ်”ဟု ဦးသာဌေးက သတင်းအဖွဲ့အား ဆက်လက်ရှင်းပြသည်။

ထိုင်ခုံများ

ရုပ်ရှင်ခန်းမအတွင်း ထိုင်ခုံလက်တင်များတွင် ဆိုဖာများ တပ်ဆင်ပေးထားပြီး အချိုရည်နှင့် သောက်ရေသန့်ဘူးများ ထားသိုရန်နေရာလည်း ထိုင်ခုံတိုင်း၌ ပါရှိကြောင်း တွေ့ရသည်။ ပထမတန်း ထိုင်ခုံ ၁၅၀နှင့် အထူးတန်းထိုင်ခုံ ၁၅၀ရှိသည်။ ရုပ်ရှင်ကြည့်ပရိသတ်များတွင် မသန်စွမ်းသူများ ပါရှိပါကလည်း ဘီးတပ်လှည်းများဖြင့် ၎င်းတို့ထိုင်ခုံအရောက် ပို့ဆောင်ပေးမည် ဖြစ်သည်။

“ပြသမယ့် ရုပ်ရှင်ကားတွေကိုတော့ မြန်မာ့ရုပ်ရှင်လုပ်ငန်းနဲ့ ညှိနှိုင်းပြီး ပြည်တွင်း၊ ပြည်ပရုပ်ရှင်ကားတွေ ရွေးချယ်ပြသပေးသွားမှာပါ။ ဒီရုပ်ရှင်ရုံမှာ လူမှုရေးအဖွဲ့အစည်းတွေက သီးခြားအစီအစဉ်နဲ့ ရုပ်ရှင်ပြသမယ်ဆိုရင်လည်း နေ့စဉ်ပွဲချိန်တွေနဲ့ လွတ်ကင်းတဲ့အချိန်မှာ ညှိနှိုင်းပြီး ပြသနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေ စိတ်အပန်းပြေစေဖို့ အဓိက ဦးတည်ပြီး ဖြည့်ဆည်းပေးသွားမှာပါ” ဟုလည်း ဦးသာဌေးက ရှင်းပြသည်။

ဝယ်ယူနိုင်

ရုပ်ရှင်ခန်းမအတွင်း အသံပတ်လည်စနစ်ကြောင့် ခံစားမှုအပြည့်အဝရရှိစေမည်ဖြစ်ပြီး အထူးတန်း ထိုင်ခုံများကလည်း လိုအပ်သလို နောက်သို့ ၁၅ဒီဂရီခန့် ဆွဲချကြည့်ရှုနိုင်သည်ဖြစ်ရာ သက်သောင့်သက်သာ ရှိစေမည်ဖြစ်သည်။ ရုပ်ရှင်လက်မှတ်များကို ဝယ်ယူရာတွင်လည်း ကွန်ပျူတာဖန်သားပြင်ပေါ်၌ ထိုင်ခုံအနေအထား ကို ကြည့်ရှုပြီး စိတ်တိုင်းကျ ဝယ်ယူနိုင် အောင် စီစဉ်ပေးထားသည်။

“ကျွန်တော်တို့အနေနဲ့ ဒီရုပ်ရှင်ရုံ အဆောက်အအုံရဲ့ အဝင်ညာဘက်အခြမ်းမှာ သုံးထပ်အဆောက်အအုံ တစ်ခု ထပ်ပြီး တည်ဆောက်ဦးမှာပါ။ အဲဒီအဆောက်အအုံမှာတော့ ပထမထပ်မှာ ကလေးတွေ ကစားနိုင်ဖို့၊ ဈေးဝယ်နိုင်ဖို့နဲ့ ကော်ဖီဆိုင်တွေ ထားရှိပေးမှာဖြစ်ပါတယ်။ ဒုတိယထပ်မှာတော့ ပရိသတ် ၁၀၀ဆံ့တဲ့ ရုပ်ရှင်ရုံ ပါရှိမှာဖြစ်ပြီး တတိယထပ်မှာတော့ ပရိသတ် ၂၀၀ဆံ့တဲ့ မင်္ဂလာခန်းမကို တည်ဆောက်သွားဖို့ စီစဉ်ထားပါတယ်” ဟု ၎င်းက သတင်းအဖွဲ့သို့ ရှင်းပြသည်။

အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံတွင် 2D ၊ 3D စသည်ဖြင့် ရုပ်ရှင်ကားများကို ပြသသွားမည်ဖြစ်ပြီး နေပြည်တော်၌ ပထမဆုံး သီးသန့်ရုပ်ရှင်ရုံလည်း ဖြစ်သည်။

ထို့ကြောင့် အောင်သပြေအဆင့်မြင့် ရုပ်ရှင်ရုံသည် နေပြည်တော်တွင် နေထိုင်သူ ပြည်သူများ၊ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာမည့် ခရီးသွားဧည့်သည်များအတွက် စိတ်ရွှင်လန်းဆန်း အပန်းပြေစေမည့် အိုအေစစ်တစ်ခုပမာ တည်ရှိလာတော့မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသား သတင်းစကား ဖြန့်ဝေပေးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ကွန်ပျူတာဖန်သားပြင်ပေါ်၌ ထိုင်ခုံနေရာ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ရန် ဤသို့ စနစ်တကျ ဖြည့်ဆည်းပေးထားမှုကလည်း အဆင်ပြေစွာ....။

ရုပ်ရှင်ရုံခန်းမအတွင်းရှိ ဆိုဖာထိုင်ခုံများ

အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံခန်းမအတွင်း ဆိုဖာထိုင်ခုံများကလည်း ဤသို့ သပ်ရပ်လှပစွာ စီတန်းလျက်...။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ရက် (ဥပုသ်နေ့)

၆-၄-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅	၅။	သံသာချို့အေးမင်္ဂလာတေး
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၅	၉။	ခါသကြံန်အဆိုအကများ
၈:၄၀	၁၀။	International News
၈:၅၀	၁၁။	**ကျန်းမာသန်ထွား ဉာဏ်မြင့်မား**
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀	၁။	Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (ဧရာဝတီ ရွှေမြေ F.C နှင့် Delta United F.C)
၅:၀၀	၂။	ခါသကြံန်အဆိုအကများ
၅:၁၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၂၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀	၅။	ကြေးမုံရိပ်သွင်တေးနှယဉ်
၅:၄၅	၆။	ခါသကြံန်အဆိုအကများ
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	မိုးလေဝသအခြေအနေ
၆:၂၀	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၀။	ဆိုလိုက်ကြစို့
၇:၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၁၂)
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၆)
	၁၆။	ရုပ်ရှင်ပဟေဠိ
	၁၇။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၁၈။	အစီအစဉ်ပြီး၏။

ကျန်းမာရေး အဆင့်မြှင့်တင်မှုလုပ်ငန်း မွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဧပြီ ၅

နေပြည်တော်လယ်ဝေး မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်း မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၉နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နေပြည်တော် လယ်ဝေး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က သင်တန်းဖွင့်လှစ်ရသည့် အကြောင်းရင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွဲကပင်ကို ဂိုးပြတ်သွင်းပြီး နေပြည်တော် F.C နိုင်ပွဲစရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ
ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော်အသင်းမှ တိုက်စစ်မှူးအရူနာ ဇွဲကပင်နောက်တန်းကို ထိုးဖောက်နေစဉ်။

ရန်ကုန် ဧပြီ ၅

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၀)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ နေပြည်တော် F.C က ဇွဲကပင်ယူနိုက်တက်ကို ခြောက်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

နေပြည်တော် - ခြောက်ဂိုး ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

၂၀၁၀ MNL ပြိုင်ပွဲကို အသစ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားတဲ့ အသင်းသစ်နှစ်သင်း စတင်တွေ့ဆုံကြတာ ဖြစ်ပါတယ်။ အသင်းသစ်နှစ်သင်း တွေ့ဆုံကြတာဖြစ်ပေမယ့် နိုင်ငံခြားသား ကစားသမားတွေပါတဲ့ နေပြည်တော်အသင်းဟာ ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပြီး အဆုံးသတ်သေချာခဲ့တာကြောင့် အခုလိုဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။

ခြေစွမ်းပြနိုင်ခဲ့

ဇွဲကပင်ယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ်သွင်းယူခဲ့တဲ့ နေပြည်တော်အသင်းဟာ အဆင့်ခုနစ်နေရာအထိ တက်လှမ်းလာနိုင်ခဲ့ပါတယ်။ နေပြည်တော်အသင်းရဲ့ အနိုင်ရလဒ်အတွက် ခြေစွမ်းပြခဲ့သူတွေကတော့ နိုင်ငံခြားသားတိုက်စစ်မှူးတွေဖြစ်တဲ့ အရူနာနဲ့ ဂျူးဆက်တို့ဖြစ်ပြီး နှစ်ဦးပေါင်း ငါးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ကင်မရွန်းတိုက်စစ်မှူး အရူနာဟာ ၇၁ မိနစ်၊ ၈၄ မိနစ်နဲ့ မိနစ် ၉၀တို့မှာ သုံးဂိုး (ဟက်ထရစ်) သွင်းယူခဲ့ပြီး ဂျူးဆက်က လေးမိနစ်နဲ့ ၆၁မိနစ်တို့မှာ နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ နေပြည်တော်အသင်းအတွက် နောက်ထပ်အနိုင်ဂိုးတစ်ဂိုးကိုတော့ ၃၂မိနစ်မှာ နေအောင်က သွင်းယူပေးခဲ့ပါတယ်။ ဇွဲကပင်အသင်းဟာ အခုပွဲမှာ ရှုံးပွဲဆက်နေမှုကို ရပ်တန့်ဖို့ကြိုးစားခဲ့ပေမယ့် ခြေစွမ်းမပြနိုင်ခဲ့တာကြောင့် လေးပွဲဆက်အရှုံးရလဒ်နဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

ခေတ္တရပ်နားထား

အခုပွဲစဉ်(၄)အပြီးမှာ မဟာသင်္ကြန်ကာလအတွက် ၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ခေတ္တရပ်နားထားမှာဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

နေပြည်တော် ဧပြီ ၅

'(၈၈)မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ရွေးကောက်ပွဲဝင်မည့် ပါတီမှ ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံမေးမြန်းခြင်း' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၂၃)ကို ယနေ့ဖြန့်ချိထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ် ပါတီ (မြန်မာနိုင်ငံ)၊ ရေအောက်တွင် နှစ်ပေါင်း ၃၉၇နှစ်တိုင်တိုင်ရှိနေသော ဓမ္မစေတီခေါင်းလောင်းတော်မြတ်ကြီး ပြန်လည်ဆယ်ယူရန် ကြိုးပမ်း၊ ရန်ကုန်မြို့တွင် လျှပ်စစ်မီးများ ပြတ်တောက်နေခြင်းကို သက်ဆိုင်ရာက ပုံမှန်ပေးဝေနိုင်ရန် ကြိုးစားလုပ်ဆောင်နေ၊ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုရာတွင် မြန်မာ့မီးရထားပိုင်လုပ်ငန်းပါဝင်သင့်၊ ရေတင်မရတဲ့ဒုက္ခ၊ Package နဲ့ နိုင်ငံခြားမှာ ဆေးသွားကုမယ်ဆိုရင်၊ YCDC မှ ရန်ကုန်မြို့တွင် မဏ္ဍပ်ကြီး ၄၆ခုချထားပေးရန် စီစဉ်ထား၊ ဘားကုတ်စနစ် (OCRB)သုံး မြန်မာနိုင်ငံကူးလက်မှတ်များစတင်ထုတ်ဝေပေးနေ၊ သင်္ကြန်မဏ္ဍပ်များတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သော အမည်များ နိုင်ငံရေးအသွေးအရောင်မကင်းသော အမည်များ လုံးဝသုံးစွဲခွင့်မပြု၊ သင်္ကြန်မဏ္ဍပ်ကြီးများနှင့် ဟိုတယ်ကုမ္ပဏီ၏မဏ္ဍပ်များအတွက် မဏ္ဍပ်တစ်ခုလျှင် အာမခံစပေါ်ငွေကျပ် သိန်း ၃၀ပေးသွင်းရမည်၊ နာမည်ကြီးအဆိုတော်များ သင်္ကြန်ရက်အတွင်း ဖျော်ဖြေမည်ဆိုပါက ကတိဝန်ခံချက်များရယူရန်လိုအပ်၊ အင်္ဂလန်နိုင်ငံ တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံး ၁၀ဦးထဲ၌ မြန်မာကျောင်းသားခြောက်ဦးပါဝင်ခဲ့၊ တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်ပြီးနောက် ကိုရီးယားစစ်ပွဲထပ်မံဖြစ်ပွားမည်ကို ကိုရီးယားပြည်သူတို့ စိုးရိမ်နေကြ၊ မြောက်ကိုရီးယား တော်ပီဒိုကြောင့် တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်ခဲ့ရသည်ဟု တောင်ကိုရီးယား အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အလေးအနက်ယုံကြည်လာပြီ၊ အီရန်၏အရေးပါသည့်ဗျူဟာမြောက်ပစ်မှတ်များကို တိုက်ခိုက်ရန် အစ္စရေးက အာရုံစိုက်လျက်ရှိ၊ အစ္စရေးက လက်ဘနွန်နှင့် ဆီးရီးယားကို ဘယ်တော့ ကျူးကျော်တိုက်ခိုက်မလဲ စသည့် နောက်ဆုံးရပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မေ ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပမည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်း ရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် (၁၆/E) အရှေ့မြင်းပြိုင်ကွင်းလမ်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အားကစားဝန်ကြီးဌာန ဝန်ကြီး၏ ညွှန်ကြားချက်အရ ၂၀၁၃ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ပြည်နယ်/တိုင်း မျိုးဆက်သစ် တင်းနစ်အားကစား မောင်မယ်များ ပါဝင်ယှဉ်ပြိုင်ရန် ယခုကဲ့သို့ ပြိုင်ပွဲကို ကျင်းပရန်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲမှ ပေါ်ထွက်လာကြမည့် မျိုးဆက်သစ်လူငယ် တင်းနစ်အားကစားသမားများအား မြန်မာနည်းပြဆရာများနှင့် လေ့ကျင့်မှုပြုလုပ်ပြီး နိုင်ငံအတွက် လက်စွမ်းလက်စရှိ မျိုးဆက်သစ် လူငယ်များအား ပြည်ပမှ တင်းနစ်နည်းပြဆရာဖြင့် နိုင်ငံတကာ စံချိန်မီ လေ့ကျင့်မှုများပြုလုပ်ရန် အစီအစဉ်ရှိကြောင်း၊ ယခုပြိုင်ပွဲ၌ အသက်(၁၀)နှစ်အောက် ပြိုင်ပွဲမှ အသက်(၁၈)နှစ်အောက် ပြိုင်ပွဲများ အဓိကပါဝင်မည်ဖြစ်ရာ ယင်းပြိုင်ပွဲများမှ အလားအလာရှိသော တင်းနစ်အားကစားသမားများအား ပဏာမ ရွေးချယ်ပြီး ရေရှည်လေ့ကျင့်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်၏ Technical Director မြန်မာ့လက်ရွေးစင်ဟောင်း ဦးမောင်မောင်လေးက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများမှ တာဝန်ရှိသူများ၏ သိရှိလိုသော မေးမြန်းချက်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမ်း-စစ်တွေကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက် ထွက်ပြေးယာဉ်မောင်းအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၅

စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်တစ်စီးသည် ဧပြီ ၃ရက် နံနက် ၁နာရီခန့်က အမ်း-စစ်တွေ ကားလမ်း မိုင်တိုင်အမှတ် (၉/၀) အရောက် ဘရိတ်ပေါက်ပြီး ဝဲဘက်သို့ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်၌ လိုက်ပါလာသူ ခရီးသည် ၂၀ အနက် အမျိုးသားတစ်ဦးသေဆုံးကာ အမျိုးသား ၁၄ဦး၊ အမျိုးသမီးငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား အမ်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ခရီးသည်တင်ယာဉ်၏ ယာဉ်မောင်း လှမြင့်အောင်(ခ)ညီပုအား အမ်းရဲစခန်းက ပေါ့လျော့မှုကြောင့် လူသေမှု၊ သာမန်နာကျင်မှု/အပြင်းအထန် နာကျင်မှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း၊ ယာဉ်မောင်းမှာယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တရားခံဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များ မဟာသင်္ကြန်ရက်များတွင် ဖွင့်မည်

ရန်ကုန် ဧပြီ ၅

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပုံမှန်ဖွင့်လှစ် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

KHIND, MISTRAL & MACO အဆင့်မြင့် အီလက်ထရွန်နစ် အိမ်သုံးပစ္စည်းများရောင်းချလျက်ရှိ

ရန်ကုန် ဧပြီ ၅

Monarch Company Limited က Khind, Mistral နှင့် Maco အဆင့်မြင့် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများကို မြန်မာပြည်အနှံ့ ဖြန့်ချိလျက်ရှိသည်။

ဧပြီ ၁ရက်မှ၄ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည့် အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲတွင် Khind နှင့် Mistral အမှတ်တံဆိပ် ပစ္စည်းများကို ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ပြီးရောင်းချခဲ့သည်။ **(အပေါ်ပုံ)**

ဈေးလျှော့

မလေးရှားနိုင်ငံလုပ် Khind အမှတ်တံဆိပ်Nano Hygiene နာနိုကျန်းမာရေးပန်ကာ၊ နံရံကပ်ပန်ကာ၊ မျက်နှာကြက်ဆိုလည်ပန်ကာများနှင့် လျှပ်စစ်အိမ်သုံး၊ လုပ်ငန်းသုံး၊ စက်ရုံသုံး၊ ဟိုတယ်သုံးပစ္စည်းများကိုလည်း ၃၃ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးခဲ့သည်။

ပြပွဲတွင် Khind တံဆိပ် စက်ရုံသုံး၊ လုပ်ငန်းသုံး 24" Industrial Stand Fan, Industrial Wall Fan နှင့် Industrial Exhaust Fan ကြီးများကိုလည်း ခင်းကျင်းပြသထားသည့်အပြင် မူလဈေးမှ အထူးလျှော့ဈေးဖြင့် ရောင်းချခဲ့သည်။

သက်သာ

Mistral အမှတ်တံဆိပ် Ionizer Air Cooler မှာ ယခုနှစ် မတ်လအတွင်း ထပ်မံရောက်ရှိလာသော ပုံစံသစ် Air Cooler ကို မူလဈေးမှ ၃၀ရာခိုင်နှုန်းအထိ လျှော့ချထားပြီး Jet Air Cooler မှာလည်း အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်ထားသည်ဟု သိရှိရသည်။ Jet Air Cooler သည် ရေခဲထည့်ရန်မလိုဘဲ ရိုးရိုးရေသာထည့်၍ လေအေးဓာတ်ကို ရရှိပြီး လေသက်ရောက်မှုစွမ်းအားမှာ ၃၂ ပေခန့်အထိ လေသက်ရောက်မှုရရှိသည်။ အောက်တွင်ဘီးများပါသဖြင့် အလွယ်တကူ ရွှေ့ပြောင်းနိုင်ပြီး မီးအားမှာ (230 Watt)သာရှိသဖြင့် မီးအားစား သက်သာမှုရှိသည်။

ခေတ်မီ Mistral Tower Fan များသည်လည်း ပုံစံမျိုးစုံလှသည်။ ၃၆၀ ဒီဂရီပတ်လည်လှည့်ပန်ကာ Ionizer ပါ ပန်ကာများ၊ Remote Control ပန်ကာများ၊ လက်မ ၆၀ မျက်နှာကြက်ပန်ကာများ၊ အဆင့်မြင့် လျှပ်စစ်အိမ်သုံးပစ္စည်းများကိုလည်း ၅၀ရာခိုင်နှုန်းအထိ ဈေးလျှော့ချထားသည်။

ပြပွဲတွင် နွေရာသီအရောင်းမြှင့်တင်ရေး အထူးအစီအစဉ်အဖြစ် ၅၀ရာခိုင်နှုန်းလျှော့ချထားသဖြင့် ဝယ်ယူသုံးစွဲမည့်သူများအတွက် အခွင့်အရေးတစ်ရပ် ဖြစ်ခဲ့သည်။

ဝယ်ယူနိုင်

Khind နှင့် Mistral Electrical ပစ္စည်းများအပြင် Oven Toaster, Gas Cooker, Microwave Oven, Vaccum Cleaner, Insect Killer, Air Pot ဓာတ်ဘူးများ၊ ရေနွေးကရား၊ ပေါင်မုန့်ကင်စက်၊ Blender, Rice Cooker , Iron , Hair Dryer , Emergency Light မျိုးစုံကို Model အမျိုးမျိုးဖြင့် အထူးဈေးနှုန်းများဖြင့် ဝယ်ယူနိုင်သည်။

လက်လီ၊ လက်ကား

လက်လီ၊ လက်ကား ဝယ်ယူလိုသူများသည် Maco Electronic အမှတ်(၂၀၄) စက်ရုံလမ်း မင်္ဂလာဈေးအနီး (MOB Bank)ဘေးနှင့် Khind World အမှတ် (၁၅၁) ဆူးလေဘုရားလမ်း ဗဟိုမီးသတ်အနီး ရန်ကုန်မြို့တို့တွင် ဝယ်ယူရရှိနိုင်သည့်အပြင် မြန်မာပြည်တစ်ဝန်း Super Market, Hyper Market နှင့်အီလက်ထရွန်နစ်အရောင်းစင်တာကြီးများတွင်လည်း ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

သားစားကြူး မျိုးဗီဇလွှမ်းမိုးသည့် အာဖရိကငါးခူများ ဇီဝိတဒါန ငါးလွှတ်ပွဲများတွင် မလွှတ်ကြရန်

သတိပေးနှိုးဆော်ချက်

သဘာဝပတ်ဝန်းကျင် ရေပြင်များ၌ သားစားကြူးမျိုးဗီဇလွှမ်းမိုးသည့် အာဖရိကငါးခူများ လွှမ်းမိုးကျက်စားလာပါက ဒေသခံတိုင်းရင်း ငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်နိုင်သဖြင့် ယင်းငါးခူမျိုးများ မွေးမြူခြင်း၊ မျိုးစိုက်ထည့်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ မျိုးပြန့်ပွားစေခြင်း၊ ပြန့်ပွားစေရန် အားပေးကူညီခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

ထိုအမိန့်ကြော်ငြာစာအရ ဖောက်ဖျက်ကျူးလွန်သူများကို ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်သည်။

ယခုအခါ မြန်မာ့အတာသင်္ကြန်ကာလ ကျရောက်တော့မည်ဖြစ်ရာ မြန်မာတို့ဓလေ့ထုံးထမ်းအရ ဘုရား၊ ကျောင်းကန်များတွင် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပလေ့ရှိသဖြင့် အဆိုပါနေရာများ၌လည်း အာဖရိကငါးခူများ ဘေးမဲ့လွှတ်ပါက ကန်အတွင်းရှိ ငါးများမျိုးသုဉ်းပျောက်ကွယ်နိုင်သဖြင့် အာဖရိကငါးခူငါးများ ရောင်းချခြင်းမပြုရန် သတိပေးတားမြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်၊**
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ၊
- (၂) အပျော်လွန်ကြူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ၊
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ၊
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ၊
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ၊
- (၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရ၊
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ၊
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ၊
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ၊
- (၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ၊
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV, CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မည်စွန်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဇော်ဝင်းအောင် (ဒုတိယညွှန်ကြားရေးမှူး၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ကချင်ပြည်နယ်)-
ဒေါ်အေးအေးသန်း(ဘုတ်ဘုတ်) တို့၏ တစ်ဦးတည်းသောသား

မောင်ရဲဖြိုးအောင်

B.A (English)

Translator (e-Trade Myanmar Co.,Ltd.)

နှင့်

ရန်ကုန်မြို့နေ ဦးမောင်တင်-ဒေါ်သန်းမြင့် တို့၏သမီးထွေး

မအိအိလွင်

B.Sc (Zoology)

Accountant (Yadanar Myaing Construction Co., Ltd.)

တို့၏ ၃-၄-၂၀၁၀ရက် (စနေနေ့)တွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋက ရွှေရတုခန်းမ၌ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်နှင့် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးအောင်သန်းဝင်း(ငြိမ်း) အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဇနီး ဒေါ်ခင်စန်းဝေ တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းနှင့် မင်္ဂလာတေးသံသာများ သီဆိုတီးခတ် ဖျော်ဖြေပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲဖြိုးအောင်-မအိအိလွင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သန်လျင်မြို့နေ ဦးအုန်းလှိုင်-ဒေါ်ခင်နွဲ့တို့၏ တတိယမြောက်သား

မောင်ဘိုဘို B.Sc (Physics)

Cyclect Electrical Engineering Pte., Ltd. Singapore

နှင့်

နေပြည်တော် ဉာဏသိဒ္ဓိရပ်ကွက်၊ ချယ်ရီအိမ်ရာ၊ တိုက် ၃၂၀၈၊ အခန်း ၄ နေ
ဒုတိယရဲမှူးကြီးငွေအောင် (မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်)-ဒေါ်သန်းသန်း(အလယ်တန်းပြ၊ ငြိမ်း)တို့၏
တစ်ဦးတည်းသော သမီး

မဝင်းပပအောင် B.E (Civil), B.A (Law)

Civil Tech Pte., Ltd. Singapore

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ၂-၄-၂၀၁၀ ရက်တွင် စင်ကာပူနိုင်ငံ Registry of Marriage Office တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဘိုဘို-မဝင်းပပအောင်။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

(1) Plastic Technician ကျား (၃)ဦး

- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ(သို့) AGTI- (Rubber & Plastic)၊ အသက်(၃၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။ ပလတ်စတစ်လုပ်ငန်းနှင့် ပတ်သက်သော ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း တတ်ကျွမ်းနားလည်ရမည်။ Computer ကျွမ်းကျင်ရမည်။ ကြိုးစားအားထုတ်မှုနှင့် ရိုးသားမှုရှိရမည်။ Injection & Blowing Machine ကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမည်။ နယ်ခရီးသွားလာနိုင်ရမည်။ Plastic Factory လုပ်ငန်းများကို တာဝန်ယူစီမံအုပ်ချုပ်ခြင်း အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။
- လျှောက်ထားလိုသူသည် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ ဓာတ်ပုံ သုံးပုံ၊ ရဲစခန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားအပြည့်အစုံနှင့်တကွ ဥရောပ-အာရှကော်မာရှယ် ကုမ္ပဏီလီမိတက် အမှတ်၂၈၊ ဗန်းမော်အတွင်းဝန်လမ်း၊ ဖုန်(၃) လှိုင်သာယာမြို့နယ်၊ ဖုန်း-၆၈၄၃၇၇၊ ၆၈၅၀၉၈၊ ၆၈၅၁၆၉ တို့သို့ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

Shinning Spectrum Co., Ltd.၏ Licence No. WQIL 1 09-103710 သည် ၄-၃-၂၀၁၀ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၃၉၅၈၁၉။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သမီးဖြစ်သူ ခင်ခင်ပြည့်(ခ)မသီရိ ၁၂/အစန(နိုင်)၁၉၆၃၆၇သည် မိဘစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးသိန်းငွေ ၁၂/အစန(နိုင်)၁၁၉၈၄၉၊
ဒေါ်ခင်သန်းရီ ၁၂/အစန(နိုင်)၁၁၇၀၆၆။

မွေးနေ့ဆုတောင်း

ချစ်သမီးလေး သီရိဇော်(ဘုတ်ဆုံမ)ရဲ့ ၆-၄-၂၀၁၀ရက်မှာ ကျရောက်တဲ့ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ်၊ ဝေဖန်ပိုင်းခြားတတ်တဲ့ အသိနဲ့ ပြည့်စုံတဲ့ သမီးကောင်းရတနာလေး တစ်ယောက်အဖြစ် ဘဝလမ်းကို ကြံ့ကြံ့ခိုင်ခိုင်လျှောက်လှမ်းနိုင်ပြီး အောင်မြင်မှုပေါင်းများစွာနဲ့ အေးချမ်းသာယာတဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေ-

ချစ်ဖေဖေ - ဦးဇော်မျိုး
ချစ်မေမေ - ဒေါ်ကြော့ဝတ်မှုံ
ကိုကို - ကောင်းဇော်။





ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သူရထွန်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၅၄၈၆၂၆သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၇၀၈၁၃၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်တောက်ထွန်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၅/စကန(နိုင်)၂၁၆၀၀၄နှင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ပိုက်ဆံ ၁၇ တို့သည် ၂၉-၃-၂၀၁၀ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၂၂၇၅၅၊ ၀၉-၅၀-၅၈၇၉၂။



နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလား

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၅

*နေပြည်တော် မဟာသင်္ကြန် **Tour Gold Cup** ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ နေပြည်တော် ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် **Royal Myanma** ဂေါက်ကွင်းတို့၌ တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက်ကျင်းပမည် ဖြစ်သည်။*

ထိုက်ထိုက်တန်တန်

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ် ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

*ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသင်္ကြန် **Tour Gold Cup** ဖလားနှင့် အားကစားသမားတစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀သိန်းစီအပြင် ဒုတိယရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သုံးရက်ပေါင်း တစ်ဦးချင်းအကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တုတစ်ဆုနှင့် ငွေကျပ် ၁၀သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။*

ပါဝင်ယှဉ်ပြိုင်နိုင်

*ပြိုင်ပွဲဝင်အသင်း တစ်သင်းစီတွင် အားကစားသမားခြောက်ဦး ပါဝင်ရမည်ဖြစ်ပြီး **Pro** အားကစားသမား နှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျော်ပေးသတ်မှတ်ချက် **(Handicap Zero)**ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။*

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက် အားကစားသမားများ၏ အမည်စာရင်းကို ဧပြီ ၈ရက် နောက်ဆုံးထား၍ နေပြည်တော် မြို့တော်ဝန်ရုံး ဖုန်း-၀၆၇-၄၁၄၆၁၀၊ ၄၁၄၂၈၉တို့သို့ ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပါဝင်သောအဖွဲ့ မတ် ၃၁ရက်က အဝေးပြေးယာဉ် ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့သို့ ထွက်ခွာမည့်ယာဉ်များအား ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေးအတွက် ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးကြစဉ်။ (ကညန)

ဆိပ်ဖြူမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း သင်တန်းများဆင်းပွဲကျင်းပ

ဆိပ်ဖြူ ဧပြီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မကွေးတိုင်း ဆိပ်ဖြူမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲကို မတ် ၂၆ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(ဆိပ်ဖြူအိမ်တွင်းမှု)

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြသည်　　စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ပုံဆောင်ခဲများဖြင့် ဖန်တီးထားသော သတို့သမီးဝတ်စုံ

ရိုမေနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ခင်းကျင်းပြသသည့် အရောင်အသွေးစုံလင်သော ပုံဆောင်ခဲပေါင်း ၄၃၀၀ကို ဒီဇိုင်းပညာရှင်ကော့မီရာအင်လီဇင်က သတို့သမီးဝတ်စုံ(ယာပုံ)အဖြစ် ဖန်တီး ပြုလုပ်ခဲ့သည်။ နောက်ထပ်ယင်းကဲ့သို့ အမျိုးအစား သတို့သမီး ဝတ်စုံမျိုးမပြုလုပ်နိုင်သည်အထိ အစွမ်းပြပြုလုပ်ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ပုံဆောင်ခဲများဖြင့် ဖန်တီးထားသော ပထမဆုံး သတို့သမီးဝတ်စုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အင်တာနက်)



ကမ္ဘာ့အရပ်အမြင့်ဆုံး အမျိုးသမီး

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်ဇာတိဖြစ်ပြီး နာမည်မှာ ဆန်ဒီအယ်လန်ဖြစ်သည်။ ဆန်ဒီအယ်လန်ကို ၁၉၅၅ ခုနှစ် ဇွန် ၁၈ရက်၌မွေးဖွားခဲ့သည်။ ဆန်ဒီအယ်လန်(ဝဲပုံ)၏ အရပ်အမြင့်မှာ ၇ ပေ ၇ ဒသမ ၂၅ လက်မဖြစ်ပြီး ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ဆရာဝန်များ၏ သုတေသနပြုချက်အရ ဆန်ဒီအယ်လန်၏ အရပ်အမြင့် နံနက်၊ နေ့လယ်နှင့် ညပိုင်းများ၌ပင် မတူညီဘဲ အနည်းငယ်မြင့်တက်နေကြောင်း ဖော်ပြခဲ့သည်။ **(အင်တာနက်)**



ကမ္ဘာ့အကြီးဆုံး ရွှေငါး

အန်ဒမန်ပင်လယ်အတွင်း ရေငုပ်သမား ဂျွန်ဝစ်လက်ဝိတ်က မြင်တွေ့ကာ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ယင်းရွှေငါးသည် လိမ္မော်ရောင်၊ အဖြူရောင်နှင့် အနီရောင်များ ရောပြွမ်းနေသည်။ အရွယ်အစားမှာ ၈ ပေ ၁၀ လက်မရှိပြီး ရွှေငါး၏ ကိုယ်ထည်အမြင့်မှာ ၅ ပေကျော်ရှိသည်။ သမုဒ္ဒရာများ၌ နေထိုင်ကျက်စားလေ့ရှိသည့် ရွှေငါးအမျိုးအစားဖြစ်သည်။ (ဝဲပုံ)

(အင်တာနက်)

နိုင်ငံတကာသတင်း
စုစည်းဘာသာပြန်ဆိုသူများ
တိုး၊ မောင်မောင်ဆွေ၊
မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊
တင်မာဝင်းနှင့် မြကေခိုင်စိုး

ဘဝအမောပြေ

အဖြေ....

မူလတန်းကျောင်းတစ်ကျောင်း၌ တပည့်များအား အိန္ဒိယနိုင်ငံ အနောက်ပိုင်းဒေသတွင် ကြံစိုက်ပျိုးပြီး သကြားထုတ်လုပ်ထွက်ရှိကြောင်း ဆရာမက သင်ကြားထားသည်။ နောက်တစ်နေ့၌ တပည့်များအား ဆရာမက အောက်ပါအတိုင်း စာပြန်မေးလေသည်-

ဆရာမ ။ ။ မနေ့က သင်လိုက်တာတွေ မှတ်မိကြလား။
တပည့်များ ။ ။ မှတ်မိပါတယ် ဆရာမ။
ဆရာမ ။ ။ ဒါဆိုရင် စမစ်မတ်တပ်ရပ်ပါ။
စမစ် ။ ။ ဟုတ်ကဲ့
ဆရာမ ။ ။ မနေ့က ဘာသင်လိုက်လဲ။
စမစ် ။ ။ ရုတ်တရက် မဖြေနိုင်ဘဲ စဉ်းစားနေသည်။
ဆရာမ ။ ။ ကဲ.... စဉ်းစားလို့ရအောင် ပြောပြမယ်။
စမစ် ။ ။ ဟုတ်ကဲ့
ဆရာမ ။ ။ မင်း အိမ်မှာ ကော်ဖီဖျော်ရင် ဘာထည့်ရလဲ ....
စမစ် ။ ။ သကြားနဲ့ နို့ဆီထည့်ရပါတယ်။
ဆရာမ ။ ။ ဒါဆို အဲဒီသကြားက ဘယ်နေရာက ရသလဲ.... စဉ်းစားလိုက်ပေါ့။
စမစ် ။ ။ ဘေးအိမ်က သွားတောင်းလိုက်တာပါ။
ဆရာမ ။ ။ **"ဟေ"**

ဘဝဒဿန

❑ ***Start going the extra mile and opportunity will start following you.***

သင်ဆောင်ရွက်ရမည့် အလုပ်ပမာဏထက် အပိုဆောင်းပြီး ဆောင်ရွက်ပါ။ အခွင့်အရေးက စတင်ပြီး သင့်နောက်က လိုက်ပါလာမည်ဖြစ်သည်။

(ရှိတ်စပီးယား)

ပနားမားနိုင်ငံ၏ သမိုင်းဖြစ်စဉ် လေ့လာပါလျှင်....

နိုင်ငံတကာ သတင်းအက်ဆေး

ပနားမားနိုင်ငံသည် အမေရိကတိုက်အလယ်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံသည် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့၏လမ်းဆုံ၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ပေးသည့် လမ်းဆုံ၌ တည်ရှိသည်။ ထို့ကြောင့်ပင် ဤနိုင်ငံသည် မဟာဗျူဟာအရ အရေးပါနေခြင်းဖြစ်သည်။

ထိန်းချုပ်

ဤနိုင်ငံမှာ အမေရိကန်တို့ပါဝင်ပတ်သက်စရာ ပစ်မှတ်တစ်ခုဖြစ်နေသည်။ အမေရိကန်တို့၏ မဟာမိတ်ဟောင်း မင်နျူရယ်နော်ရီဂါအားဖြုတ်ချရန် အမေရိကန်တပ်များ ၁၉၈၉ခုနှစ်တွင် ဤနိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့သည်။ ထို့ပြင် ၁၉၉၉ခုနှစ်အထိ အမေရိကန်က ပနားမားတူးမြောင်းကို ထိန်းချုပ်ခဲ့သည်။

ရောက်ရှိ

စပိန်နယ်သစ်ရှာဖွေသူ ရိုဒရီဂိုဒီဘတ်စတီဒတ်က ပနားမားသို့ ၁၅၀၂ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ၁၅၁၉ခုနှစ်တွင် စပိန်လက်အောက်ခံဖြစ်လာသည်။ ၁၈၂၁ခုနှစ်တွင် စပိန်လက်အောက်မှ လွတ်မြောက်သည်။ ကိုလံဘီယာ၊ အီကွေဒေါ၊ ပီရူး၊ ဘိုလီးဗီးယားတို့လည်း ပါဝင်သည်။ ဂရန်ကိုလံဘီယာနိုင်ငံများ သမဂ္ဂဝင်ဖြစ်လာသည်။ ၁၈၃၀ပြည့်နှစ်တွင် ဂရန်ကိုလံဘီယာနိုင်ငံများသမဂ္ဂ ပျက်သွားသောအခါ ဤနိုင်ငံသည် ကိုလံဘီယာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျန်ရစ်သည်။ ၁၉၀၃ ခုနှစ်တွင် ကိုလံဘီယာနိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်ရေးရရှိသည်။ ပနားမားတူးမြောင်းဖောက်လုပ်ခွင့်ကို အမေရိကန်က ဝယ်ယူလိုက်သည်။ ၁၉၁၄ ခုနှစ်တွင် ပနားမားတူးမြောင်း ဖောက်လုပ်ပြီးစီးခဲ့သည်။

သဘောတူ

၁၉၆၈ ခုနှစ်တွင် အမျိုးသားအစောင့်တပ်မှူး ဗိုလ်ချုပ်ကြီးတော်ရီဂျို့စ် ဟာရေရာက ရွေးကောက်တင်မြှောက်ထားသည့် သမ္မတကိုဖြုတ်ချပြီး ၁၉၈၁ ခုနှစ်အထိ အာဏာရှင်အဖြစ် အုပ်ချုပ်ပြီး ၁၉၈၁ခုနှစ်၌ လေယာဉ်ပျက်ကျကာ ကွယ်လွန်သည်။ သူ့လက်ထက် ၁၉၇၇ ခုနှစ်တွင် ပနားမားတူးမြောင်းအုပ်ချုပ်ရေးကို ၁၉၉၉ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစ၍ အမေရိကန်က ပနားမားသို့ လွှဲအပ်ရန်သဘောတူလိုက်သည်။

ချုပ်ကိုင်

၁၉၈၃ခုနှစ်တွင် ပနားမားထောက်လှမ်းရေးအကြီးအကဲဟောင်းနှင့် အမေရိကန် စီအိုင်အေ သတင်းပေး မင်နျူရယ်နော်ရီဂါက တပ်ဖွဲ့အင်အားတိုးချဲ့ပြီး နိုင်ငံအတွင်း နိုင်ငံရေးနှင့်စီးပွားရေးကို ချုပ်ကိုင်လိုက်သည်။

ကြေညာ

၁၉၈၈ခုနှစ်တွင် နော်ရီဂါသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်နေသူဖြစ်ကြောင်း အမေရိကန်က စွပ်စွဲသည်။ မအောင်မြင်သော အာဏာသိမ်းမှုနောက်ပိုင်း ပနားမားနိုင်ငံတွင် နော်ရီဂါက အရေးပေါ်ကြေညာသည်။

၁၉၈၉ ခုနှစ်တွင် အတိုက်အခံတို့က ပါလီမန်ရွေးကောက်ပွဲ၌ အနိုင်ရသည်။ သို့သော် ရွေးကောက်ပွဲရလဒ် တရားမဝင်ကြောင်း နော်ရီဂါကကြေညာသည်။ ပနားမားနိုင်ငံသို့ အမေရိကန်တပ်များဝင်ရောက်လာပြီး နော်ရီဂါအား ဖယ်ရှားဖမ်းဆီးကာ ဂီလာမိုဒါရာအား အစားထိုးခန့်လိုက်သည်။



အမိန့်ချမှတ်

၁၉၉၂ခုနှစ်တွင် အမေရိကန်တရားရုံးက မူးယစ်ဆေးဝါးမှုဖြင့် နော်ရီဂါအား ထောင်ဒဏ်အနှစ် ၄၀ ချမှတ်ပြီး အမေရိကန်တွင် ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်သည်။ ၂၀၀၇ခုနှစ် စက်တင်ဘာ ၉ရက်တွင် ဖလော်ရီဒါအကျဉ်းစခန်းမှလွတ်လာသော နော်ရီဂါအား သူ့အယူခံလွှာကို အထက်ရုံးက ပယ်မချမချင်း ပြင်သစ်နိုင်ငံသို့ လွှဲအပ်ခြင်း မပြုနိုင်ကြောင်း အမေရိကန်တရားသူကြီးက ဆုံးဖြတ်သည်။

၂၀၀၄ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အာဏာရှင်ဟောင်းအိုမာတော်ရီဂျို့စ်၏သား မာတင်တော်ရီဂျို့စ် အနိုင်ရသည်။ မာတင်တော်ရီဂျို့စ်က သူ့လက်ထက်၌ အဂတိလိုက်စားမှု ပပျောက်အောင်ကြိုးပမ်းပြီး သူ့ဖခင်လက်ထက်က လူ့အခွင့်အရေး ချိုးဖောက်မှုများ စုံစမ်းဖော်ထုတ်သည်။ ၂၀၀၇ခုနှစ်တွင် ပနားမားတူးမြောင်း ချဲ့ထွင်ရေးစတင်လုပ်ဆောင်ခဲ့သည်။

အကြီးမားဆုံး

ဤနိုင်ငံတွင် အမေဇုန်မြစ်ဝှမ်းအပြင်ဘက်ရှိ မိုးသစ်တောများအနက် အနောက်ဘက်ကမ္ဘာခြမ်း၌ အထူထပ်ဆုံးနှင့် အကြီးမားဆုံးသစ်တောတည်ရှိသည်။ ယင်းသစ်တောအတွင်း အပူပိုင်းဒေသပေါက် အပင်အမျိုးအစား အလျှံပယ်ရှိရုံမက တောရိုင်းတိရစ္ဆာန်များ၊ ငှက်များမျိုးစုံသည်။ အချို့မှာ ကမ္ဘာပေါ်တွင် မည်သည့်နေရာမျှ ရှာမတွေ့ဟုဆိုသည်။

ပြည်သူ ၄၀ရာခိုင်နှုန်း ဆင်းရဲတွင်းနက်လျက်ရှိစဉ် ဥရောပနွယ်ဖွားလက်တစ်ဆုပ်စာတို့က နိုင်ငံ၏ငွေ ဥစ္စာနှင့် အာဏာကိုချုပ်ကိုင်ထားခြင်းကြောင့် ဆင်းရဲချမ်းသာကွာဟမှု ကြီးထွားနေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးမှောင်ခိုမှုကလည်း ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်သည်။ ထိုသို့သော တိုင်းပြည်၏ပြဿနာတို့ကို ကိုင်တွယ်ဖြေရှင်းလျှင် ခေတ်မီလာသော ပနားမားတူးမြောင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်စုံလင်သည့် ဤနိုင်ငံ၏ အနာဂတ်မှာ တောက်ပနေမည်သာဖြစ်ပါကြောင်း။ ။

ကိုးကား - အင်တာနက်

တိုး-ရေးသားသည်

ဤနိုင်ငံသည် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့၏လမ်းဆုံ၊ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ပေးသည့် လမ်းဆုံ၌ တည်ရှိ။ ထို့ကြောင့်ပင် ဤနိုင်ငံသည် မဟာဗျူဟာအရ အရေးပါနေခြင်းဖြစ်။

မြို့နယ် သတင်း ထွေထွေ

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ချမ်းမြသာစည်တွင် ဟောပြော

မန္တလေး မတ် ၁၀

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၂ရက်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဝံသာနုရက္ခိတစာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

ဟောပြောပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ပိုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလွင် **(အောက်ဝဲပုံ)**က စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံရန်၊ စာငှားကတ်စနစ် ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် လှုပ်ရှားမှု ဟောပြော

မော်လိုက် ဧပြီ ၁

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၁၀နာရီက မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းရှိန်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီးဒေါက်တာသန်းထွန်းက တီဘီရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဟောပြော

ထို့နောက် အထက်တန်းသူနာပြုဆရာမ ဒေါ်တင်မိုးခိုင်က တီဘီရောဂါနှင့်ကုသရေးတို့ကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်အားဒွေ(ရှ)က လူနာသစ်များရှာဖွေရေးတွင် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

အလားတူဟောပြောပွဲကို ခရိုင်ဆရာဝန်ကြီးနှင့်အဖွဲ့သည် မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာ၌လည်း မတ် ၃၀ရက်က ကျင်းပခဲ့သည်။ (ခရိုင် ပြန်/ဆက်)

လင်းခေးမြို့နယ်၌ ဝမ်ဟတ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

လင်းခေး မတ် ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ဝမ်ဟတ်တိုက်နယ် စံပြကျေးရွာ ဝမ်ဟတ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ရက် မွန်းတည့် ၁၂နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ပြောကြား

ရွေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက် စံ(၅)ချက်နှင့် ညီရေးကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖ ဦးစိုင်းလုံက လက်ခံယူပြီး စာအုပ်စာစောင်များကို ဆက်လက်လှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်က စာအုပ်မျိုးစုံ၅၀၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးငွေးညွန့်က ဂျာနယ်မျိုးစုံ ၃၀၊ စည်ပင်အမှုဆောင်အရာရှိ ဦးရန်နိုင်ဦးက စာအုပ်မျိုးစုံ ၅၀နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးမင်းသန့်က စာအုပ်မျိုးစုံ ၅၀၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးအေးခိုင်က စာအုပ်မျိုးစုံ ၁၀၀တို့ကို စာကြည့်တိုက်မှူး ဦးစိုင်းကျော်စိန်က လက်ခံယူသည်။

လက်ခံ

အဆိုပါ ကျေးရွာစာကြည့်တိုက်အတွက် ငွေကျပ် ၁၀သိန်းတန် မြေကွက်အလှူရှင် ဦးစိုင်းလုံက မြေနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် ကျေးရွာပြည်သူများထည့်ဝင် လှူဒါန်းငွေ ၁၃၄၉၃၀၀ကျပ်ကို ပေးအပ်ရာ ခရိုင်ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ စာကြည့်တိုက်အဆောက်အအုံသစ်ကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်ဆွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မေမေနီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံ(**အပေါ်ပုံ**)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

သံလွင်လမ်း ကတ္တရာခင်း

မိတ္ထီလာမြို့ အောင်ဇေယျာနယ်မြေ အောင်သုခရပ်ကွက် သံလွင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုး မတ် ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (၀၈၆)

တပ်မတော်နေ့ဂုဏ်ပြု မိုးကောင်း-တာပေါ ကျောက်ချောလမ်းဖွင့်

မိုးကောင်း မတ် ၂၅

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ပြီးစီးသည့် မိုးကောင်း-တာပေါ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၉နာရီက လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ပင်းခါးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလဆိုင်းတို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါလမ်းသည် အရှည် ၉၃၃၈ ပေ၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၀၅ဒသမ ၅သိန်း အကုန်အကျခံကာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ (၀၀၁)

ကျောက္ကာ တွဲဖက်အထက နှစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံ ဆောက်လုပ်

မုံရွာ မတ် ၂၂

မုံရွာမြို့နယ် ကျောက္ကာကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်အထက်တန်း နှစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံဆောက်လုပ်ရန် တိုင်ထူခြင်း အခမ်းအနားကို မတ် ၈ ရက်က အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းဝင်း၌ ကျင်းပသည်။

ရွေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက ဦးရည်တိုင်အား စိန်ပွင့်သွင်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ရပ်မိရပ်ဖအလှူရှင် ဦးသိန်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဦးရည်တိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးကျော်တင်နှင့် ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက တိုင်ထူပေးပြီးနောက် တိုင်ထူခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုးရွာသွန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကျောက္ကာရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်အထက်တန်း နှစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံမှာ အလျားပေ ၁၂၀၊ အနံ ၂၄ပေ၊ အမြင့် ၂၂ပေရှိပြီး သွပ်မိုး၊ သမံတလင်းခင်းဖြစ်သည်။ *(ခရိုင် ပြန်/ဆက်)*

မူးခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေး ဟောပြော

မြစ်ကြီးနား မတ် ၂၈

မူးခင်းကျဆင်းရေးနှင့် မူးခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ရက်က လယ်ကုန်းရပ်ကွက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြော

ရွေးဦးစွာ မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်(**အပေါ်ပုံ**)က မူးခင်းကျဆင်းရေးနှင့် မူးခင်းကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး၊ လူကုန်ကူးမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဟောပြောသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်ဝင်းထင်က မြစ်ကြီးနားမြို့နယ်အတွင်း မူးခင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးဟောပြောပြီး အမှတ်(၂) ရဲစခန်းမှူး ရဲအုပ်ဇော်မင်းဦးက မူးခင်းဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လယ်ကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်သူရလင်းက ရပ်ကွက်အတွင်း မူးခင်းများ မဖြစ်ပွားရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။ (၀၀၃)

စာကြည့်တိုက် ခိုင်မာရေး ခန္တီးခရိုင်၌ ဆောင်ရွက်

ခန္တီး ဧပြီ ၁

ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကျော်သည် မတ် ၁၄ရက်က ဟင်နောင်ကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်တွင် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးသည်။

ဆွေးနွေးမှာကြား

ရွေးဦးစွာ ခရိုင်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ် ကျင့်သုံး၍ ရန်ပုံငွေ တိုးပွားရရှိအောင် ဆောင်ရွက်ရေးနှင့် စာဖတ်သူတိုးပွားရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ (ခရိုင် ပြန်/ဆက်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လွန်တောင်း-လင်းမြွေချောင်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညနေပိုင်း ထမင်း၊ ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဧပြီ ၅

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊

စာမျက်နှာ ၃ ကော်လံ ၁ ✻